# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း (၂)ရက် ၊ ကြာသပတေးနေ့ ၊ (30-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၇၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမင့်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ် ကျုံမင့်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျိုက်လတ်မြို့နယ် ကျုံမင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၄ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၅၃ ဦး၊ အရိုးရောဂါ ၆၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၇၉ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာခြောက်ဦး၊

စာမျက်နှာ ၁၈ ကော်လံ ၁

## ပြည်ပ ဘိလပ်မြေများ ရောက်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၄၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# တပို့တွဲလ ထမနဲပွဲနှင့် မီးဖုန်းပွဲ

တပို့တွဲလသည် မြန်မာလများတွင် ဆယ့်တစ်လမြောက်ဖြစ်ပြီး ချမ်းအေးသောကာလဖြစ်သည်။ တပို့တွဲလသည် ဗေဒင်အခေါ်အားဖြင့် ကုံရာသီဟုခေါ်သည်။ ရာသီရုပ်မှာ အိုးထမ်းယောကျ်ားဖြစ်၍ ရာသီပွဲမှာ မီးဖုန်းပွဲ၊ ထမနဲပွဲဖြစ်သည်။ ရာသီပန်းမှာ ပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်၊ ဆူးပန်းပွင့်တို့ဖြစ်သည်။

တပို့တွဲလကို ပုဂံခေတ်ကျောက်စာများတွင် "တပိုဝ်တွယ် တပိုတွယ်၊ တပိုတွဲနှင့် တပို့ဝ်တွယ်"ဟူ၍ အမျိုးမျိုးကမ္ပည်းရေးထိုးခဲ့ကြသည်။ တပို့တွဲဟူသော အမည်သည် ထန်းလုပ်အကြောင်းခံ၍ခေါ်သော အမည်ဖြစ်သည်။ "တပိုမှာ ထဖို"ဖြစ်၍ "တွဲ"မှာ တွဲလျားကျသည်။ ထန်းဖူး၊ ထန်းခိုင်၊ ထန်းလက်များတွဲလျားကျနေသောကာလ၊ ထန်းရည်နှင်းသောလဟုလည်း ခေါ်ဆိုမှတ်တမ်းပြုခဲ့ကြသည်။ ထို့ပြင် တပို့တွဲလတွင် တောင်သူလယ်သမားများ၊ လယ်ယာလုပ်ငန်းခွင်မှ အနားယူချိန်ဖြစ်သဖြင့် အလှူမင်္ဂလာပွဲများ ကျင်းပကြလေ့ရှိသည်။ ဤသည်ကို အကြောင်းပြု၍ "တပို့" ထမ်းပိုး၊ "တွဲ" ချိတ်ဆွဲထားခြင်း၊ လယ်ယာသုံးကိရိယာ ထမ်းပိုးများကို ချိတ်ဆွဲသိမ်းဆည်းထားသည့်ကာလ "တပို့တွဲလ"ဟုလည်း ပြောစမှတ်ပြုခဲ့ကြသည်။

ရှေးဘုရင်များလက်ထက်ကတည်းက တပို့တွဲလတွင် ထမနဲပွဲတော်များကို အစဉ်အဆက်ကျင်းပခဲ့ကြောင်း အထောက်အထားများစွာရှိခဲ့သည်။ တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် လူတို့၏ ခန္ဓာကိုယ်တွင် အဆီများ ခန်းခြောက်လေ့ရှိသည်။ ထို့ကြောင့် ဆီနိုင်နိုင်နှင့်ပြုလုပ်သော ထမနဲကိုစားသုံးခြင်းဖြင့်အဆီဓာတ်ရရှိကာ အသားအရေစိုပြည်လာကြောင်း ရှေးမြန်မာလူကြီးများက ဆေးပညာရှုထောင့်မှ ရာသီစာအဖြစ် သတ်မှတ်ထားခဲ့ကြသည်။ ထမနဲထိုးခြင်းသည် စည်းလုံးမှု၊ ညီညွတ်မှုကို ပြဆိုသည့်ပွဲတော်ဖြစ်သည်နှင့်အညီ အတိတ်ကောင်း၊ နိမိတ်ကောင်းကို ဖော်ဆောင်ခြင်း၊ ရာသီစာဆေးတစ်ပါးအဖြစ် စားသုံးကြခြင်း၊ လှူဒါန်းကြခြင်းတို့ကြောင့် လောကီလောကုတ်နှစ်ဖြာအကျိုးကို ရရှိသောပွဲတော်တစ်ခုပင်ဖြစ်သည်။

ဘာသာရေးအရ တပို့တွဲလ၏ ထူးမြတ်သောနေ့တစ်နေ့မှာ တပို့တွဲလပြည့်နေ့၊ ဩဝါဒပါတိမောက်အခါတော်နေ့ပင်ဖြစ်သည်။ ဘုရားရှင်သည် ဩဝါဒပါတိမောက်ဒေသနာတော်ကို ရဟန်းတော်များအား ဟောကြားဆုံးမခဲ့ရာ လူတို့လည်း ၎င်းကိုလိုက်နာကျင့်သုံးခြင်းဖြင့် ဘဝကိုငြိမ်းအေးချမ်းသာစေမည်ဖြစ်သည်။ တပို့တွဲလ၏ ရာသီပွဲတစ်ခုမှာ မီးဖုန်းပွဲဖြစ်သည်။ အလွန်ချမ်းအေးသောကာလဖြစ်၍ ဘုရားရှင်နှင့် သံဃာတော်တို့ကို ထင်းနှင့်မီးအိုးကင်းများလှူသည့် မီးဖုန်းပွဲကို တပို့တွဲလရောက်တိုင်း ရှေးမြန်မာများ ကျင်းပလေ့ရှိသည်။ ရှေးအခါက အအေးဓာတ်ကိုကာကွယ်ရန် ဘုရားရှင်ကိုယ်တော်တိုင် မီးအိုးကင်း၌ မီးရှိန်ခံတော်မူခဲ့သည်ဟုသိမှတ်ခဲ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အများစုသည် တပို့တွဲလတွင် မြတ်စွာဘုရားကိုရည်မှန်းပြီး နံ့သာထင်းများဖြင့် မီးဖုန်းတော်များကို ဘုရား၊ စေတီပုထိုးများ၌ ပူဇော်လှူဒါန်းကြသည်။ မီးဖုန်းပွဲတော်ကို တချို့က မီးပုံပွဲဟုခေါ်ကြပြီး မီးကုသိုလ်ပွဲ၊ မီးအလှူပွဲဟု လည်း ခေါ်ကြသည်။ ယခုခေတ်တွင် မီးဖုန်းပွဲများ ကျင်းပမှုနည်းပါးသွားသော်လည်း တပို့တွဲလ၏ ရာသီပွဲအဖြစ် ထမနဲပွဲကို တပျော်တပါး ကျင်းပနေဆဲဖြစ်သည်။

သို့ဖြစ်ရာ တပို့တွဲလသည် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလ ထမနဲပွဲတော်သည် ချမ်းအေးလှသောရာသီဥတုနှင့်လိုက်ဖက်ညီသည့် ရိုးရာဓလေ့ပွဲတော်ဖြစ်သည်။ ထမနဲထိုး၍ မြတ်စွာဘုရားအား ကပ်လှူခြင်း၊ သံဃာများအား လှူဒါန်းခြင်း၊ အချင်းချင်းဝေမျှပေးခြင်းသည် ကုသိုလ်လည်းရဝမ်းလည်းဝစေသော ရိုးရာဓလေ့ပွဲတော်ဖြစ်ပါသည်။ ထိုသို့မင်္ဂလာနှင့်ပြည့်စုံသော မြန်မာ့ရိုးရာဓလေ့ပွဲတော်များကို အရှည်တည်တံ့ခိုင်မြဲအောင် မြန်မာလူမျိုးတို့ ထိန်းသိမ်းဖော်ဆောင်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**



## ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး ဝိဇာတမွေးနေ့မင်္ဂလာကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီး၏ သက်တော် ၉၆ နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါစာသင်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မွေးနေ့မင်္ဂလာပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက အာဟာရဖြည့်စွက်စာများကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်နေမှုများနှင့်ပတ်သက်ပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီးက ဝိဇာတမွေးနေ့မင်္ဂလာအဖြစ် တပည့်သံဃာတော်များကို ဆွမ်းများဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ်အပေါင်းတို့အား စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခြင်း ကောင်းမှုကုသိုလ်များကို ပြုလုပ်ခဲ့ကြောင်း၊ သက်တော်ရှည်ဆရာတော်ကြီးမှာ မဟာဝိဇိတာရုံ ပရိယတ္တိ စာသင်တိုက်တွင် ကျန်းမာရေး ကောင်းမွန်စွာ သီတင်းသုံးတော်မူလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်**

## အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဧရိုတ် ၂၇၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဧရုတ် ၂၇၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဧရုတ် ၂၈၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဧရုတ်များ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများကိုကွင်းဆင်း ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အိမ်မဲမြို့နယ်အတွင်း ဧရုတ် ၂၈၄၄ ဧကထိ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧရုတ် ၂၇၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ဧရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ ဧရုတ်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဧရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားဧကပြည့်မီအောင်စိုက်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဧရုတ်သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်သောကြောင့် ဧရုတ်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၉၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် မြေခြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဘွက်ငယ်ကျေးရွာအုပ်စု မြေခြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြေခြားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေခြားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၁ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို ငွေကျပ် ၅၃ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၆ လမ်း၊ ၈၀ x ၈၁ လမ်းကြားနေ ဦးမျိုးထွန်းအောင်-ဒေါ်သီတာ သန်းတစ်ရာဆီစက် မိသားစုက မျက်စိခွဲစိတ်နေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၂၀၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် နှမ်းကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၄ ဒသမ ၁၅ တင်းထွက်ရှိ



**ကျောက်မြောင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် နှမ်းကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၄ ဒသမ ၁၅ တင်း ထွက်ရှိကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၄ ဒသမ ၁၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲမှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နှမ်း ၁၃၁၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် နှမ်းသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် ဝမ်မိုက်ကျေးရွာ၌ မြစိမ်းရောင်(ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**လင်းခေး ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်မိုက်ကျေးရွာ၌ မြစိမ်းရောင်(ဆီထွက်သီးနှံ)စီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက မြစိမ်းရောင်(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့များ ကိုယ်တိုင် ရေးသွင်းထားသော စာရင်းဇယားများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်(ဆီထွက်သီးနှံ)စီမံကိန်းရန်ပုံငွေများဖြင့် နေကြာ၊ မြေပဲ စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်မိုက်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ပြီး မြစိမ်းရောင်(ဆီထွက်သီးနှံ) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၂၁ ဦးကို ငွေကျပ် ၂၃ သန်း ထုတ်ချေးပေးထားကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူထံမှ သိရသည်။

**အေးသူ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း အသားစားကြက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက မွေးမြူရေးအသားစား ကြက်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ မွေးမြူရေးအသားစားကြက်ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် မွေးမြူရေး အသားစားကြက်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက်တွေ အကောင်လိုက်အရှင်ကို ပိဿာချိန်နဲ့တင်ပို့ရောင်းချနေပါတယ်။ ဒီလိုတင်ပို့ရောင်းချတဲ့နေရာမှာ တစ်လအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မွေးမြူရေး အသားစားကြက်တွေ အရောင်းအဝယ်ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေကတော့ အဓိက အဆင်ပြေတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ညိုညိုက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ မွေးမြူထွက်ရှိလာသည့် မွေးမြူရေးကြက်သားများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မွေးမြူရေးကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အား တက်လာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားသမားများ အဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဦးသုတနှင့် ဆင်မင်းပျို့

ဗိုလ်ရှိတ်(ရတနာပူရ)

မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သောစာဆိုတော်များတွင် အချို့စာဆိုတော်များသည် ထင်ရှားကျော်ကြား၍ သိသူများခဲ့သလို အချို့စာဆိုတော်များမှာ တိမ်မြုပ်နေခဲ့ပါသည်။ စာဆိုတော်တို့၏ အတ္ထုပ္ပတ္တိကျမ်းတွင် အစုံအလင်ဆုံးဖြစ်သည့် ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းတွင် မှတ်တမ်းမဝင်ခံရဘဲ တိမ်မြုပ်နေသော စာဆိုတော်များစွာရှိပါသည်။ ထို့အတူ ရှေးက ရေးခဲ့သော စာပေများတွင်လည်း ပုံနှိပ်စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေပြီး သိသူများထင်ရှားသော စာပေများရှိသလို ပေမူ၊ ပုရပိုက်၊ လက်ရေးမူဘဝဖြင့် တိမ်မြုပ်နေသော စာဆိုတော်များတွင် ဦးသုတလည်း တစ်ဦးအပါအဝင်ဖြစ်ပြီး ဦးသုတရေးခဲ့သော ဆဒ္ဒန်ဆင်မင်းပျို့သည်လည်း တိမ်မြုပ်နေသော ပျို့တစ်စောင်ဖြစ်ပေသည်။ ဆရာတော်ဦးသုတသည် စာဆိုတော်စာရင်းတွင် မှတ်တမ်းတင်မခံရသော စာဆိုတစ်ပါး ဖြစ်သည်။ တိမ်မြုပ်၍ သိသူနည်းလှသော စာဆိုတော် ဦးသုတအကြောင်းနှင့် ဆဒ္ဒန်ဆင်မင်းပျို့အကြောင်းကို ဆဒ္ဒန်ဆင်မင်းပျို့ကို ကိုးကား၍ ဖော်ထုတ်တင်ပြပါမည်။

**ဦးသုတ၏ ဘဝ**

ဦးသုတ၏အကြောင်းကို ပြည့်စုံစွာမသိရပါ။ မွေးဖွားနှစ်နှင့် မိဘအမည်ကို မသိရသလို ကွယ်လွန်နှစ်ကိုလည်း မသိရသေးပါ။ ဦးသုတရေးသားခဲ့သော ဆဒ္ဒန်ဆင်မင်းပျို့တွင် သူ၏ဘဝ တစ်စိတ်တစ်ဒေသကို ရေးရေးမျှမြင်ရပါသည်။ စာဆိုတော်ဦးသုတသည် ဆဒ္ဒန်ဆင်မင်းပျို့နိဂုံးပိုဒ်တွင် နေထိုင်ရာနေရာဒေသကို –

''ရတနာပူရ၊ ရွှေဝအောင်ခန်း
ရမ်းဆမှန်းက၊ဖြောင့်တန်းလကျ်ာ
သုံးသောင်းကွာတွင်၊ သာယာထူးလည်း
ဝပြောစည်သည်၊ခြောက်ပြည်ဘုံလုံး
ကျလှာရုံးသို့၊ ပတ်ကုံးဝန်းကျင်
ကြည့်လိုက်လျှင်လည်း၊ စိမ်းရှင်လန်းလန်း
အပန်းပန်းနှင့်၊ သာလွန်းအံ့ဖွယ်
တိမ်ညိုသွယ်လျက်၊ လိုဖွယ်မရှား
လူအများတို့၊ ငါးရက်တဈေး
နီးဝေးပုံယင်၊ ခေါင်းခြင်းခေါင်းရွက်
တရက်မခြား၊ လှည်းနွားဝန်တင်
ဆယ်တွင်မလပ်၊ အရပ်ရပ်က
မပြတ်နိစ္စ၊ လိုတိုင်းရသည်
ဌာနအောင်ခန်း၊ သာထူးဆန်းသည့်
ရွှေရမ်းသညာ၊ ဝတိသ်ာနှင့်
ပမာနှုံးဖွယ်၊ ခြောက်ပတ်လယ်နှင့်
တောဝယ်ဆိုင်းဆိုင်း၊ တမှိုင်းမှိုင်းတည့်
မုန်တိုင်းမင်းလွင်၊ ကမြူးရွှင်သည်
နတ်ခွင်ကဲ့သို့၊ ရီစိုစိုနှင့်
အလို့မခန်း၊ မြို့ညောင်ရမ်းဟု
ပွင့်လန်းသာသနာ၊ စိန္တေယျာလည်း
ခြောက်ဖြာရောင်လင်း၊ တဝင်းဝင်းနှင့်
မြို့တွင်းမြို့ပြင်၊ မွေရင်ကျိန်းအောင်း
ဂူကျောင်းဘုရား၊ အချိမ့်သားတည်း
အများရှင်လူ၊ မင်္ဂဖိုလ်ချူသည်
နိဗ္ဗူကူးတို့၊ ရွှေရမ်းမြို့၏
ရှေ့သို့ဇော်၊ ဒုတိယံတွင်
ကြက်ပျံမကျ၊ စည်ပင်လှသည်
နာမသညာ၊ ရွှေကုံးရွာတွင်
ဆရာသုတ၊ မြိုက်သာရကို
ဖော်ပြသိသာ၊ နိဒါန်းဖြာ၍'' ဟူ၍ ရေးဖွဲ့ထားသည်။

ဤနိဂုံးအရ ဆဒ္ဒန်ဆင်မင်းပျို့ကိုရေးခဲ့သော စာဆိုတော် ဦးသုတသည် ရွှေကုံးရွာတွင် နေထိုင်စဉ် ရေးသားခဲ့ကြောင်းသိရပါသည်။ ရွှေကုံးရွာသည် ရတနာပူရ အင်းဝမြို့၏ တောင်ဘက်တာ သုံးသောင်းအကွာတွင် တည်ရှိသည်။ ပတ်ဝန်းကျင် ကြည့်လိုက်လျှင် စိမ်းစိုသာယာသောရှုခင်းများရှိသည်။ရွှေကုံးရွာသည်ငါးရက်တစ်ဈေးရှိ၍ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားသည်။ ရွှေကုံးရွာသည် ညောင်ရမ်းမြို့ အရှေ့ဘက်တွင် ရှိသည်။ ညောင်ရမ်းမြို့အရှေ့ဘက်ရှိ ရွာနှစ်ရွာတွင် ရွှေကုံးရွာသည် ဒုတိယမြောက်ရွာဖြစ်သည်။ ညောင်ရမ်းမြို့နှင့် ရွှေကုန်းရွာကြားတွင် ရွာတစ်ရွာသာခြားသည်။ ရွှေကုံးရွာသည် ကြက်ပျံမကျ စည်ကားလှသော ရွာကြီးဖြစ်သည်။ ဆရာဦးသုတသည် ရွှေကုံးရွာ၌ နေထိုင်စဉ် ဆဒ္ဒန်ဆင်မင်းပျို့ကို ရေးသားခဲ့သည်။ ရွှေကုံးရွာ အမည်ကို ရွှေကုံးဟူ၍လည်းရေးသလို ရွှေကုန်းဟူ၍လည်းရေးသည်။

ရွှေကုံးရွာသည် စာဆိုတော်ဦးသုတ၏ဇာတိဖြစ်ဟန်ရှိပါသည်။ ပျို့အတွင်း၌ ဇာတိဖြစ်ကြောင်း ဖော်ပြမထားပေ။ ညောင်ရမ်းမြို့သည် ယခုအခါ မိတ္ထီလာမြို့အရှေ့ဘက် သာစည်မြို့ အရှေ့ဘက်၌ ရှိသည်။ အင်းဝမြို့ကို ဒုတိယအကြိမ်တည်ထောင်ခဲ့သော ညောင်ရမ်းမင်းတရားကြီး မြို့စားဘဝက စားခဲ့ရာမြို့ဖြစ်သည်။ ယခုအချိန်ထိ မြို့ရိုးများ အပြည့်အစုံရှိသည်။ စာဆိုတော်ဦးသုတအကြောင်းကို ဤမျှသာ သိရသေးသည်။

**ဆဒ္ဒန်ဆင်မင်းပျို့**

ဆဒ္ဒန်ဆင်မင်းပျို့သည် ''မဟာမုနိန်၊ ခြောက်ရောင်ရှိန်သား'' ဟူသော စကားဖြင့် အစချီထားသည်။ ပိုဒ်ရေ စာကိုယ် ၂၈ပိုဒ်၊ နိဂုံးတစ်ပိုဒ် စုစုပေါင်း ၂၉ ပိုဒ်ရှိသည်။ ပိုဒ်ရေ ၂၉ ပိုဒ်သာရှိသော်လည်း ပျို့လေးတစ်စောင် မဟုတ်ပေ။ ပျို့ကြီးတစ်စောင်သာဖြစ်သည်။ ပျို့တစ်ပိုဒ်လျှင် ပဒပေါင်းရှည်လျားစွာ ဖွဲ့ဆိုထားပါသည်။ ဤပျို့တစ်ပိုဒ်သည်အခြားပျို့ ခုနစ်ပိုဒ်ခန့်ဖြင့်ညီမျှအောင် ရှည်လျားစွာရေးဖွဲ့ထားသည်။ ထို့ကြောင့် ပျို့ပိုဒ်ရေ ၂၉ ပိုဒ်ရှိသော်လည်း ပျို့ကြီးတစ်စောင်ဟု ဆိုရမည်ဖြစ်ပါသည်။ ဆဒ္ဒန်ဆင်မင်းပျို့ကို ပေမူတို့တွင် '' ဆင်မင်းပျို့၊ ဆဒ္ဒန်ဆင်မင်းပျို့ ဆဒ္ဒန်ပျို့လင်္ကာ'' စသည်ဖြင့် အမျိုးမျိုးခေါ်ကြပါသည်။

**ဆဒ္ဒန်ဆင်မင်းပျို့ပေမူများ**

ဆဒ္ဒန်ဆင်မင်းပျို့ပေမူ နှင့် လက်ရေးမူ နှစ်စောင်ကြည့်ဖူးပါသည်။ ပေမူမှာ ရေဦးမြို့နယ်မုံတိုင်ပင်ရွာကျောင်း၌ ရှိသည်။ ရှစ်ကြောင်းရေးမျဉ်းနက်ပေဖြစ်ပြီး က အစ ငအဆုံး ၄ အင်္ဂါ နှင့် ငါးချပ်ရှိသည်။ ထိုပေမူကိုလက်ရေးမူသို့ ၂၀၁၈ ခုနှစ်က ကူးယူခဲ့သည်။ ပေကူးနှစ်မှာ သက္ကရာဇ် ၁၁၆၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့တွင် ဖြစ်သည်။ ထို့ကြောင့် ပေကူးနှစ်ပင်လျှင် ဘိုးတော်ဗဒုံမင်းလက်ထက်ဖြစ်ကြောင်း သိရပါသည်။

လက်ရေးမူမှာ ရန်ကုန်မြို့တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှိ လက်ရေးမူဖြစ်သည်။ တိုက်ပိုင်အမှတ် ''၁၈၈၆၊ တောင်တွင်းကြီး အ.မ.သ'' ဟူ၍ မှတ်တမ်းတင်ထားသည်။ လက်ရေးမူမှာ SK အစ တုအဆုံး လေး အင်္ဂါနှင့် ၂ ချပ်ရှိပေမှ ကူးထားသော လက်ရေးမူဖြစ်သည်။ ပေကူးနှစ်မှာသက္ကရာဇ် ၁၂၃၆ ခု ဝါဆိုလဆန်း နှစ်ရက်၊ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်ကူးထားသော ပေဖြစ်သည်။ မုံတိုင်ပင်ကျောင်းပေမူထက် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်လက်ရေးမူသည် ၇၅ နှစ် နောက်ကျသည်။ ဆဒ္ဒန်ဆင်မင်းပျို့ကို ဤမူနှစ်မူသာ ကြည့်ဖူးပါသည်။

**ပျို့ရေးပြီးနှစ်**

ဆဒ္ဒန်ဆင်မင်းပျို့ ရေးသားပြီးစီးသောခုနှစ်ကို ဆဒ္ဒန်ဆင်မင်းပျို့နိဂုံး၌ တိကျသေချာစွာ ရေးသားထားပါသည်။ သို့သော် လွဲမှားချွတ်ယွင်းမှု တချို့ကြောင့် ပျို့ရေးသားပြီးခုနှစ်ကို အမှတ်အသားကွဲလွဲခဲ့ကြပါသည်။ ဆရာကြီး ဦးတင်လှ (လှသမိန်) ရေးသားပြုစုခဲ့သော ''မြန်မာစာပေ စစ်တမ်းအတွဲ ၁ ပျို့နှင့် လင်္ကာများ'' စာအုပ်တွင် ဆဒ္ဒန်ဆင်မင်းပျို့ ရေးပြီးနှစ်ကို ၁၁၀၀ ပြည့်နှစ်ဟု ရေးထားပါသည်။ ဆရာမကြီး ဒေါ်ခင်မမ၏ ''မင်းပွဲဝင်ပျို့ကဗျာများ'' စာအုပ်တွင် ပျို့ရေးသားပြီးနှစ်ကို ၁၁၄၃ ခုနှစ်ဟု ရေးသားထားသည်။ ထိုသို့ အမှတ်အသားကွဲလွဲခဲ့ကြပါသည်။ ထိုသို့ ပျို့ရေးပြီးနှစ်ကွဲလွဲခဲ့ကြသည်ကို ခြေရာခံကြည့်ရာတွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မူမှ စခဲ့ဟန်ရှိပါသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှိ ဆဒ္ဒန်ဆင်မင်းပျို့ပေမူတွင် ဆဒ္ဒန်ဆင်မင်းပျို့ရေးသားပြီးစီးနှစ်ကို–

''ဤစာပြီးလှစ်၊ သက္ကရာဇ်ကား
ဖြစ်သည်များမြောင်၊ တထောင်တရာ
မုန်စွာပြည့်ဟု၊ တည့်တည့်ဖြောင့်တန်း
နိဗ္ဗာန်လမ်းသို့'' ဟူ၍ ပါရှိပါသည်။ ဤ မူအရ ပျို့ပြီးနှစ်မှာ သက္ကရာဇ် ၁၁၀၀ ပြည့်နှစ်ဖြစ်နေပါသည်။ ဆရာကြီးဦးလှတင်သည် ဤမူကို ကြည့်ခဲ့ပြီး ကျမ်းပြီးနှစ်ကို ၁၁၀၀ ပြည့်နှစ် ညောင်ရမ်းခေတ်ဟု ဆိုခဲ့ခြင်းဖြစ်မည်ထင်ပါသည်။

၁၁၄၃ ခုနှစ် ကျမ်းပြီးသည်ဟု ရေးကြသော အမှတ်အသားကို စူးစမ်းရာတွင် ရေဦးမြို့နယ် မုံတိုင်ပင်ကျောင်းမှ ကျွန်တော် ကူးလာသော ပေမူတွင် အမှန်ကို တွေ့ရပါသည်။ မုံတိုင်ပင်ကျောင်း ပေမူတွင် ပျို့ရေးသားပြီးနှစ်ကို–

''ဤစာပြီးလစ်၊ သကြဇ်ကား
ဖြစ်သည်မြားမြောင်၊ တထောင်တရာ
သာသည်လေးဆယ် ၊ စွန်းကယ်သုန်းခု
ရတုနွေဦး၊ တပေါင်းကြူးလျက်
တခူးဆန်းပေါ်၊ လပြည့်ကျော်၍
ဆယ်ရက်စေ့တွင်၊ နေ့ဗုဒ္ဓဟူး
ရောင်မြူးထိန်ထိန်၊ အသူရိန်လျှင်
အချိန်နက္ခတ်၊ မွန်းတည့်လတ်တွင်
အောင်မြတ်ချမ်းသာ၊ မင်္ဂလာဖြင့်
ဤစာသီကုန်း၊ နိဒါန်းရှန်း၍'' ဟူ၍ ရေးဖွဲ့ ထားပါသည်။ မုံတိုင်ပင်ကျောင်းပေမူနိဂုံးအရ ဆဒ္ဒန်ဆင်မင်းပျို့ရေးပြီးနှစ်သည် သက္ကရာဇ်၁၁၄၃ ခု၊ တန်ခူးလပြည့်ကျော် ၁၀ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရေးပြီးကြောင်း တိတိကျကျ သိရပါသည်။

ဤသို့ကွာဟမှုကြောင့် ဆဒ္ဒန်ဆင်မင်းပျို့ရေးသားပြီးနှစ်များ ကွဲလွဲခဲ့ကြခြင်းဖြစ်ပါသည်။ ရန်ကုန်မြို့ တက္ကသိုလ်များဗဟိုစာကြည့်တိုက် ပေမူသည် ပေကူးရာ၌ စာများကျကျန်ခဲ့သဖြင့် ၁၁၀၀ ပြီးနှစ်ဟု ဖြစ်သွားသည်ဟု ယူဆရပါသည်။ မုံတိုင်ပင်ကျောင်းပေမူသည် နှစ်၊ လ၊ ရက်၊ နေ့များ တိတိကျကျပါသဖြင့် ဤမူအတိုင်းသာ ဆဒ္ဒန်ဆင်မင်းပျို့ရေးပြီးနှစ်ကို သက္ကရာဇ် ၁၁၄၃ ခုနှစ်ဟု မှတ်သားသင့်ပါသည်။

**ပျို့ဇာတ်လမ်းနောက်ခံ**

ဆဒ္ဒန်ဆင်မင်းပျို့သည် ဘုရားဟော ငါးရာ့ငါးဆယ် ဇာတ်တော်လာ ဆဒ္ဒန္တဇာတ်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းဇာတ်သည် လူသိများ ထင်ရှားသော ဇာတ်တော်ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းတွင် မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါဟူ၍ မိဖုရားနှစ်ပါးရှိရာ အငယ်ဖြစ်သော စူဠသုဘဒ္ဒါ၏ အထင်မှားရန်ငြိုးထားမှုကို ဟောကြားထားသော ဇာတ်တော်ဖြစ်သည်။ စူဠသုဘဒ္ဒါ၏ ရန်ငြိုးကြောင့် ဆဒ္ဒန်ဆင်မင်းဘဝ ပြောင်းရသလို စူဠသုဘဒ္ဒါမိဖုရားလည်း ရင်ကွဲနာကျ၍ နတ်ရွာစံရပေသည်။ ဤဇာတ်တော်ကို အကျယ်မဆိုတော့ပါ။ သိသူများသဖြင့် ချန်ခဲ့တော့မည်ဖြစ်သည်။

ဆဒ္ဒန်ဆင်မင်းပျို့နှင့် ဆဒ္ဒန်ဆင်မင်းပျို့ကို ရေးသားခဲ့သော စာဆိုဦးသုတသည် တိမ်မြုပ်နေကြပါသည်။ ဆဒ္ဒန်ဆင်မင်းပျို့သည် အလွန်ရှားပါးသော ပျို့တစ်စောင်ဖြစ်သည်။ မြန်မာစာညွှန့်ပေါင်းကျမ်း ဒုတိယတွဲ၌ ''ပုဂံမင်းလက်ထက် အမည်မသိဆရာ တစ်ယောက်ဆို ဆဒ္ဒန်ပျို့မှ ထုတ်နုတ်ချက်'' ဟု ခေါင်းစဉ်တပ်၍ ပျို့စာငါးပိုဒ်ဖော်ပြထားသည်။ မြန်မာစာညွှန့်ပေါင်းကျမ်း၌ပါသော စာငါးပိုဒ်သည် ဦးသုတ၏ ဆဒ္ဒန်ဆင်မင်းပျို့စာပိုဒ်များနှင့် မတူညီသဖြင့် ထိုပျို့သည် သတ်သတ်တစ်စောင်သာဖြစ်ပါသည်။ အထက်ပါ ဆဒ္ဒန်ဆင်မင်းပျို့သာ ထည့်သွင်းရေတွက်ပါက မြန်မာစာပေသမိုင်းတွင် ဆဒ္ဒန်ပျို့နှစ်စောင်ရှိသည်ဟု ဆိုနိုင်ပါသည်။ မြန်မာစာညွှန့်ပေါင်းကျမ်းမူမှာ အပြည့်အစုံမတွေ့ရသေးပါ။ စာဆိုဦးသုတ၏ ဆဒ္ဒန်ဆင်မင်းပျို့သာ အပြည့်အစုံတွေ့ရှိထားပြီးဖြစ်သည်။ဦးသုတရေးသားသော ဆဒ္ဒန်ဆင်မင်းပျို့ကို ပုံနှိပ်မှုအဖြစ်အများလေ့လာနိုင်အောင် ရိုက်နှိပ်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

**❖ဆဒ္ဒန်ဆင်မင်းပျို့နှင့် ဆဒ္ဒန်ဆင်မင်းပျို့ကို ရေးသားခဲ့သော စာဆိုဦးသုတသည် တိမ်မြုပ်နေကြပါသည်။ ဆဒ္ဒန်ဆင်မင်းပျို့သည် အလွန်ရှားပါးသော ပျို့တစ်စောင်ဖြစ်သည်။ မြန်မာစာညွှန့်ပေါင်းကျမ်း ဒုတိယတွဲ၌ ''ပုဂံမင်းလက်ထက် အမည်မသိဆရာတစ်ယောက်ဆို ဆဒ္ဒန်ပျို့မှ ထုတ်နုတ်ချက်'' ဟု ခေါင်းစဉ်တပ်၍ ပျို့စာငါးပိုဒ် ဖော်ပြထားသည်။ မြန်မာစာညွှန့်ပေါင်းကျမ်း၌ပါသော စာငါးပိုဒ်သည် ဦးသုတ၏ စာပိုဒ်များနှင့် မတူညီသဖြင့် ထိုပျို့သည် သတ်သတ် တစ်စောင်သာဖြစ်ပါသည်။ အထက်ပါ ဆဒ္ဒန်ဆင်မင်းပျို့သာ ထည့်သွင်းရေတွက်ပါက မြန်မာစာပေသမိုင်းတွင် ဆဒ္ဒန်ပျို့နှစ်စောင် ရှိသည်ဟု ဆိုနိုင်ပါသည်။ ❖**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၆၃၈၇၈ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မအူပင် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၆၃၈၇၈ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ လျာထား ၆၅၅၄၄ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ၆၃၈၇၈ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော ပဲမျိုးစုံ ၆၃၈၇၈ ဧကတွင် မတ်ပဲဧက ၅၉၈၃၀၊ ပဲတီစိမ်း ၂၀၃၆ ဧက၊ မြေပဲ ၂၀၁၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲသီးနှံမျိုးစုံဧက ၆၅၀၀၀ကျော်ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိဧက ၆၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆောင်းသီးနှံပဲတွေလျာထားဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအပြင် အခြားနီးနွယ်ဌာနတွေနဲ့လဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပို့ချသင်ကြားပေးထားပါတယ်"ဟု မအူပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံများ အထွက်နှုန်း ကောင်းစေရေး၊ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရေး၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည်တို့ကို စနစ်တကျသုံးစွဲတတ်စေရေး စသည့်အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ ပဲသီးနှံမျိုးစုံအား ယခုထက် ပိုမိုကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## အစွန်း

\- စကားချိုချို အမှားပြုံအောင်
ဆိုရေးရှိက ဆိုအပ်လှဟု
မိဘဆရာ သွန်သင်မှာခဲ့။

\- စကားအဆိပ် နားမပိတ်အောင်
တိတ်တိတ်နေမှု ထောင်တန်ဟုလျှင်
စေ့ငုသေချာ မင်္ဂလာနှင့်
ဆရာမိဘ ဆိုဆုံးမခဲ့။

\- နှစ်ရပ်စကား အပြားပြားမို့
ခြားနားသည့်သွင် စိတ်မှာထင်လည်း
ဆင်ခြင်တုံနှင့် ဉာဏ်ရောင်ဆင့်လျက်
ချင့်ချိန်သမှု လုံ့လပြုကာ
နှစ်ခုအညွန်း မပဲ့ပွန်းစေ
အစွန်းလွတ်၍ လမ်းမှန်တွေ့မှ
ချမ်းမြေ့ပီတိ မြတ်အသိနှင့်
မိဘဆရာ ဂုဏ်မဟာကို
ကြည်သာဦးခိုက်မိတကား။။

**ချစ်စုအောင်**

# မင်းလှမြို့နယ် သရက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်၍ သရက်တောကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ်၃၀ ဒသမ ၉၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉ ဦးကို ငွေကျပ် ၁ ဒသမ ၃၅ သန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ၁ ဦးကို ငွေကျပ် သုည ဒသမ ၁၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကိုစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၄၄သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

**သုတ**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

## နိုင်ငံတကာ သတင်းများ

# ဂျပန်၌ ရုတ်တရက်ပေါ်ထွက်လာသည့် မြေကျွံတွင်းထဲသို့ ကုန်တင်ယာဉ်တစ်စီးထိုးကျ

**တိုကျို ဇန်နဝါရီ ၂၉**

ဂျပန်နိုင်ငံ ဆိုင်တားမားစီရင်စု ယာရှီမိုမြို့လမ်းဆုံတစ်ခု၌ ဇန်နဝါရီ ၂၈ ရက်က မြေကျွံတွင်းတစ်တွင်းရုတ်တရက်ပေါ်ထွက်လာခဲ့ရာ ကုန်တင်ယာဉ်တစ်စီး ထိုးကျခဲ့ရကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကုန်တင်ယာဉ်မောင်းဖြစ်သူမှာ မြေကျွံတွင်းအတွင်း ပိတ်မိနေဆဲဖြစ်ရာ ၎င်းကို ကယ်ထုတ်နိုင်ရေးအတွက် ကယ်ဆယ်ရေးသမားများက ကြိုးပမ်းနေကြောင်း သိရသည်။

အဆိုပါ မြေကျွံတွင်းသည် အချင်းအားဖြင့် ၁၀မီတာရှိပြီး အနက် ခြောက်မီတာထိရှိကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအပြင် မြေကျွံတွင်းပေါ်ထွက်ခဲ့ရာ လမ်းဆုံအနီးရှိ လမ်းပိုင်းတစ်နေရာတွင်လည်း မြေပြင်စတင်ကျွံဝင်နေမှုကြောင့် အနီးအနားတွင် နေထိုင်သူများကို ဘေးလွတ်ရာ ရွှေ့ပြောင်းထားရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

မြေအောက်အနက် ၁၀ မီတာ အကွာတွင်ရှိသော ရေဆိုးပိုက်လိုင်း ပြိုကျမှုကြောင့် ယင်းပိုက်လိုင်းအထက်ရှိ လမ်းသားလည်းကျွံဝင်လာခြင်းဖြစ်နိုင်ကြောင်း ဂျပန်တာဝန်ရှိသူများက ယူဆထားသည်။

မြေကျွံတွင်းထဲ ထိုးကျခဲ့သည့် ကုန်တင်ယာဉ်၏ ယာဉ်မောင်းကို ကယ်တင်ရန် ဂျပန်ကယ်ဆယ်ရေးသမားများက ယနေ့ထိ ကြိုးပမ်းနေကြရဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တောင်ကိုရီးယား၌ ခရီးသည်တင် လေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွား

**ဆိုးလ် ဇန်နဝါရီ ၂၉**

တောင်ကိုရီးယားနိုင်ငံ အဲဘုဆန်လေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်တစ်စင်းသည် ဂျင်မ်ဟေးနိုင်ငံတကာလေဆိပ်၌ ဇန်နဝါရီ ၂၈ ရက်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဲဘတ်စ်အမျိုးအစား အဆိုပါ ခရီးသည်တင် လေယာဉ်သည် ဂျင်မ်ဟေးနိုင်ငံတကာလေဆိပ်မှ တရုတ်နိုင်ငံ ဟောင်ကောင်သို့ ပျံသန်းရန်ပြင်ဆင်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားစဉ် လေယာဉ်ပေါ်၌ ခရီးသည် ၁၆၉ ဦးစလုံးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးတို့ကို ကယ်ဆယ်ရေးသမားများကအောင်မြင်စွာကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း တောင်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယားမီဒီယာများ၏အဆိုအရ အဆိုပါမီးလောင်ကျွမ်းမှုသည် လေယာဉ်အမြီးပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ် မီးလောင်မှုကြောင့် ဖြစ်ပွားချိန် အရေးပေါ်ကယ်ထုတ်မှုပြုလုပ်နေစဉ်အတွင်း သုံးဦး အသေးစားဒဏ်ရာများ ရရှိခဲ့ကြောင်း ဂျင်မ်ဟေးလေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၉ ရက်ကလည်း တောင်ကိုရီးယားအခြေစိုက် လေကြောင်းလိုင်းတစ်ခုဖြစ်သော ဂျီဂျူလေကြောင်းလိုင်းခရီးသည်တင်လေယာဉ်တစ်စင်း မူအန်လေဆိပ်သို့အဆင်း ပျက်ကျခဲ့ရာ လိုက်ပါလာသူ ၁၈၁ ဦးအနက် ၁၇၉ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# နျူကလီးယားတပ်အင်အားမြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင်တိုက်တွန်း



**ပြုံယမ်း ဇန်နဝါရီ ၂၉**

ယခုနှစ်အတွင်း နျူကလီးယားတပ်များ၏အင်အားကို မြှင့်တင်ရန်မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်က တိုက်တွန်းခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မြောက်ကိုရီးယား ပြည်တွင်း တစ်နေရာတွင်ရှိသော နျူကလီးယား ကုန်ကြမ်းထုတ်လုပ်ရေးစခန်းတစ်ခုနှင့် နျူကလီးယားလက်နက် သုတေသနတစ်ခုသို့ ဇန်နဝါရီ ၂၈ ရက်က သွားရောက်စစ်ဆေးစဉ် အဆိုပါအတိုင်းတိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခရီးစဉ်အတွင်း ကင်ဂျုံအန်သည် နျူကလီးယားသိပ္ပံပညာရှင်များနှင့် တွေ့ဆုံ၍ ၂၀၂၄ ခုနှစ်အတွင်း ရယူနိုင်ခဲ့သည့် အောင်မြင်မှုများအတွက် ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအေန်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် ယခုနှစ်အတွင်း လက်နက် ထုတ်လုပ်နိုင်သည့် အရည်အသွေးရှိသော နျူကလီးယားကုန်ကြမ်းများကို အောင်အောင်မြင်မြင် ဆက်လက်ထုတ်လုပ်ကြရန်လည်း ကင်ဂျုံအန်က သိပ္ပံပညာရှင်များကို တိုက်တွန်းခဲ့သည်။

ယခုနှစ်သည် နျူကလီးယားတပ်များ အင်အားမြှင့်တင်ရေးအစီအစဉ်အရ အရေးကြီးသည့်လုပ်ငန်းတာဝန်များအကောင်အထည်ဖော်ရမည့်နှစ်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် နျူကလီးယားလက်နက် ၉၀ထိ ထုတ်လုပ်နိုင်သည့် နျူကလီးယားကုန်ကြမ်းများကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# အိန္ဒိယနိုင်ငံ မဟာခမ့်ဘ်မီလာပွဲတော်၌ လူပြိုမှုဖြစ်ပွား အနည်းဆုံး ခုနစ်ဦး သေဆုံး၍ ၁၀ ဦးဒဏ်ရာရ

**ဒေလီ ဇန်နဝါရီ ၂၉**



အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ပရာယာ့ဂ်ရာ့ဂ်မြို့၌ ကျင်းပနေသည့် မဟာခမ့်ဘ်မီလာဟိန္ဒူဘာသာရေးပွဲတော်၌ လူပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ခုနစ်ဦး သေဆုံး၍ ၁၀ဦး ဒဏ်ရာရခဲ့သည်။

ရက်သတ္တခြောက်ပတ် ကြာမြင့်သည့် မဟာခမ့်ဘ်မီလာပွဲတော်သည် ကမ္ဘာပေါ်၌ လူစုဝေးမှုအများဆုံး ဘာသာရေးပွဲတော်ဖြစ်သည်။

သို့ဖြစ်ရာ အိန္ဒိယတာဝန်ရှိသူများအနေဖြင့် ပွဲတော်ကာလအတွင်း လူအုပ်ကို ထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် နည်းလမ်းများချမှတ်ထားသည်။

ထို့ပြင် ဇန်နဝါရီ ၂၉ ရက်နံနက်ပိုင်းတွင် မဟာခမ့်ဘ်မီလာ ပွဲတော်၌ လူပြိုမှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံး၍ ၁၀ ဦးဒဏ်ရာများရရှိခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုနှစ် မဟာခမ့်ဘ်မီလာ ပွဲတော်သို့ ဟိန္ဒူဘာသာဝင် ဘုရားဖူးခရီးသည် သန်း ၄၀၀ထိ ရောက်ရှိနိုင်ကြောင်း ပွဲတော်တာဝန်ရှိသူများက ခန့်မှန်းထားသည်။

မဟာခမ့်ဘ်မီလာပွဲတော်ကို ပြီးခဲ့သည့်ရက်သတ္တနှစ်ပတ်ခန့်က စတင်ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၈ ရက်ထိ ပွဲတော်သို့လာရောက်သူ သန်း ၂၀၀နီးပါး ရှိပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# မီးရထားအလုပ်သမားများ သပိတ်ရပ်ဆိုင်းပေးမှုကြောင့် ဘင်္ဂလားဒေ့ရှ်တစ်ဝန်း၌ ရထားများပုံမှန်ပြန်လည်ပြေးဆွဲ

**ဒါကာ ဇန်နဝါရီ ၂၉**

ဘင်္ဂလားဒေ့ရှ်မီးရထားဝန်ထမ်းများက ၎င်းတို့၏ပြည်လုံးကျွတ်သပိတ်ကို ရပ်ဆိုင်းပေးခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း၌ ယနေ့တွင် ရထားခရီးစဉ်များပြန်လည်စတင်ပြေးဆွဲနိုင်ပြီဖြစ်သည်။

ဇန်နဝါရီ ၂၈ ရက်က စတင်ခဲ့သော မီးရထားဝန်ထမ်းများ သပိတ်ကြောင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းလုံး၌သွားလာရေးနှင့် စီးပွားရေးလုပ်ငန်းများ ကမောက်ကမဖြစ်ခဲ့ရသည်။

သို့ရာတွင် မီးရထားဝန်ထမ်းများက ၎င်းတို့၏သပိတ်ကိုရပ်ဆိုင်းပေးခဲ့ရာ တစ်နိုင်ငံလုံးတွင် ရထားခရီးစဉ်များပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်မီးရထားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် မီးရထားအလုပ်သမားများသည် အချိန်ပိုအလုပ်ဆင်းပေးရသည့်အတွက် ခံစားခွင့်ရှိသော အငြိမ်းစားခံစားခွင့်များကို ပယ်ဖျက်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြခြင်းဖြစ်သည်။

လုပ်သားရှားပါးမှု ပြဿနာကြောင့် ဘင်္ဂလားဒေ့ရှ်မီးရထားအလုပ်သမားများသည် ၎င်းတို့၏ သတ်မှတ်အလုပ်ချိန်ထက်ကျော်လွန်၍ အချိန်ပိုဆင်း အလုပ်လုပ်ကြရသည်။

အချိန်ပိုဆင်းရသည့်အတွက် ဘင်္ဂလားဒေ့ရှ် မီးရထားအလုပ်သမားများအနေဖြင့် အပိုဆုကြေးနှင့်ပင်စင်လစာခံစားခွင့်များရထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Shepard ဒုံးပျံ လွှတ်တင်မည့်အစီအစဉ်ကို ပြဿနာနှစ်ရပ်ကြောင့် ဆိုင်းငံ့ထားရ



**ဝါရှင်တန် ဇန်နဝါရီ ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Shepard ဒုံးပျံလွှတ်တင်မည့် အစီအစဉ်ကို ပြဿနာနှစ်ရပ်ကြောင့် ဆိုင်းငံ့ထားရကြောင်း ဇန်နဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် မူလက New Shepard ဒုံးပျံကို ဇန်နဝါရီ ၂၈ ရက်တွင် တက္ကဆက်ပြည်နယ်အနောက်ပိုင်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် မိုးတိမ်များထူထပ်နေမှုပြဿနာနှင့် New Shepard ဒုံးပျံ ပျံသန်းရေးစနစ် ပြဿနာကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အင်န်အက်စ်-၂၉ ဟူ၍အမည်ပေးထားသည့် New Shepard ဒုံးပျံသည် ဇန်နဝါရီ ၂၈ ရက် မစ်ရှင်တွင် ကမ္ဘာ့လေထုလွှာနှင့် အာကာသဟင်းလင်းပြင်အနားစပ်၌ လကမ္ဘာဒြပ်ဆွဲအားအခြေအနေကို စမ်းသပ်ဖန်တီးရန် စီစဉ်ထားကြောင်း သိရသည်။

အင်န်အက်စ်-၂၉ မစ်ရှင်တွင် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Shepard ဒုံးပျံကို ဒုံးကန်အားစနစ်များအကူအညီဖြင့် တစ်မိနစ်လျှင် အပတ်ရေ ၁၁ ပတ်နှုန်းလည်ပတ်ခြင်းဖြင့် လဆွဲအားကို ဖန်တီးရန် စီစဉ်ထားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Shepard ဒုံးပျံကို လက်ရှိအချိန်ထိ ၂၈ ကြိမ် လွှတ်တင်ထားပြီး ၁၉ ကြိမ်မှာ အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့်မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ပိုက်ရေတွင်ပါဝင်သော PFAS ဓာတုပစ္စည်းနှင့် ထိတွေ့သောအမေရိကန်သားများ ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဇန်နဝါရီ ၂၉**

ပိုက်ရေများထဲတွင် ပါဝင်သော Polyfluoroalkyl Substances (PFAS) ခေါ် ဓာတုပစ္စည်းများနှင့် ထိတွေ့နေရသော အမေရိကန်နိုင်ငံသားများမှာ ကင်ဆာရောဂါဖြစ်နိုင်ခြေ ၃၃ ရာခိုင်နှုန်း မြင့်မားနိုင်ကြောင်း ဇန်နဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

ကယ်လီဖိုးနီးယားတောင်ပိုင်း တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမေရိကန်နိုင်ငံတစ်ဝန်းတွင် ဖြန့်ဖြူးပေးနေသောပိုက်ရေပမာဏ၏ ၄၅ ရာခိုင်နှုန်းတွင် PFAS ဓာတုပစ္စည်းများ ပါဝင်နေသည်။

PFAS ဓာတုပစ္စည်းများသည် အလွယ်တကူပြိုကွဲနိုင်ခြင်းမရှိဘဲ နှစ်ပေါင်း ရာနှင့်ချီ၍ ပတ်ဝန်းကျင်၌ ရှိနေတတ်မှုကြောင့် ၎င်းဓာတုပစ္စည်းများကို ထာဝရဓာတုပစ္စည်းများ(Forever Chemicals)ဟူ၍ ဆေးပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

ကယ်လီဖိုးနီးယားတောင်ပိုင်း တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပိုက်ရေများတွင် ပါဝင်နေသော PFAS ဓာတုပစ္စည်းများနှင့် ထိတွေ့နေရသူများသည် အစာခြေလမ်းကြောင်းစနစ် ကင်ဆာရောဂါများ၊ အသက်ရှူ လမ်းကြောင်းစနစ် ကင်ဆာရောဂါများ၊ ခံတွင်းနှင့် လည်ပင်းကင်ဆာရောဂါများ ဖြစ်နိုင်ခြေ ၃၃ ရာခိုင်နှုန်းထိ မြင့်တက်နိုင်ကြောင်း သိရသည်။

ထို့ပြင် နှစ်စဉ်ဖြစ်ပွားနေသော ကင်ဆာရောဂါဖြစ်စဉ်များအနက် ၆၈၆၄ တို့မှာ သောက်သုံးရေအတွင်း PFAS ဓာတုပစ္စည်းညစ်ညမ်းမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။


Ref : Sputnik News

Trs : KKO

## Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်က လကမ္ဘာကို ကမ္ဘာပတ်လမ်းပေါ်မှတစ်ဆင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်သည် ၎င်းသွားရောက်ရမည့် လကမ္ဘာကို ကမ္ဘာပတ်လမ်းပေါ်မှတစ်ဆင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဇန်နဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။



Firefly Aerospace ကုမ္ပဏီသည် Blue Ghost လဆင်းယာဉ်ကို ဇန်နဝါရီ ၁၅ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Blue Ghost လဆင်းယာဉ်သည် လက်ရှိအချိန်တွင် ကမ္ဘာပတ်လမ်းပေါ်မှာပင် ရှိနေသေးသော်လည်း သွားရောက်ရမည့်ခရီးပန်းတိုင်ဖြစ်သော လကမ္ဘာကို ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း Firefly Aerospace ကုမ္ပဏီက ထုတ်ပြန်ထားသည်။

လာမည့် ၁၀ ရက်ခန့်အတွင်း Blue Ghost လဆင်းယာဉ်သည် ဒုံးကန်အားစနစ်များကို ဖွင့်၍ လကမ္ဘာခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် လဆီသို့ရောက်ရှိချိန်တွင် လပတ်လမ်းပေါ်၌ ၁၆ ရက်ကြာ ပျံသန်းပြီး လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

နေစွမ်းအင်သုံး Blue Ghost လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဆင်းနိုင်ခဲ့ပါက လကမ္ဘာစူးစမ်းလေ့လာရေးလုပ်ငန်းများကို သီတင်းနှစ်ပတ်ခန့်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မခွဲစိတ်မီ ကိုယ်ကာယကြံ့ခိုင်မှု မြှင့်တင်ထားပါက ခွဲစိတ်ပြီးနောက် ကျန်းမာရေးပြဿနာပေါ်နိုင်ခြေလျော့ချနိုင်

**အော့တဝါ ဇန်နဝါရီ ၂၉**

ခွဲစိတ်ကုသမှုမခံယူမီ ကိုယ်ကာယကြံ့ခိုင်မှုကို မြှင့်တင်ထားပါက ခွဲစိတ်ပြီးနောက်ပိုင်း နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ခြေကို လျှော့ချနိုင်ကြောင်း ဇန်နဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ခွဲစိတ်ကုသမှုမခံယူမီ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ဓာတ်စာများ စားသုံးခြင်းတို့ဖြင့် ပြင်ဆင်မှုများ ပြုလုပ်ထားသော လူနာများသည် ခွဲစိတ်ပြီးချိန်တွင် နာလန်ထပိုမြန်သည်ဟု ကနေဒါသုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

ခွဲစိတ်မှုမခံယူမီ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ထားသောလူနာများ၌ ခွဲစိတ်ပြီးနောက်ပိုင်း နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေမှာ ၅၀ ရာခိုင်နှုန်းကျဆင်းသွားတတ်ကြောင်း၊ ထို့ပြင် ခွဲစိတ်မှုမပြုလုပ်မီ ပရိုတင်းဓာတ်ပါသည့် အစားအစာများ ပိုမိုစားသောက်ပါက ခွဲစိတ်ပြီးနောက်ပိုင်း နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေကို ၃၈ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း ကနေဒါသုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO





## သက်ရှိများရှင်သန်ရေးအတွက် နောက်ခံအခြေအနေကောင်းများရှိနိုင်သည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**လန်ဒန် ဇန်နဝါရီ ၂၉**

သက်ရှိများရှင်သန်ရေးအတွက် နောက်ခံအခြေအနေကောင်းများ ရှိနေနိုင်သည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

HD 20794 d ဟူ၍အမည်ပေးထားသော ၎င်းဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၉ ဒသမ ၂ နှစ်ခန့်အကွာတွင် တည်ရှိကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

HD 20794 d ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် ခြောက်ဆပိုကြီးမားသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် HD 20794 d ဂြိုဟ်ကို ချီလီနိုင်ငံ အခြေစိုက် HARPS ရေဒီယို တယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်သည် HD 20794 အမည်ရှိကြယ်ကို မနီးလွန်းမဝေးလွန်းသည့် ပတ်လမ်းမှတစ်ဆင့် လှည့်ပတ်နေကြောင်း သိရသည်။

သို့ဖြစ်ရာ HD 20794 d ဂြိုဟ်ပေါ်တွင် သက်ရှိများရှင်သန်ရေးအတွက် လိုအပ်သည့်နောက်ခံအခြေအနေများ ရှိနေနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# မန်စီးတီးအသင်းက ဂျူဗင်တပ်အသင်းမှ ကစားသမားနှစ်ဦးထိ ခေါ်ယူရန်ကြိုးပမ်း



မန်ချက်စတာ ဇန်နဝါရီ ၂၉

မန်စီးတီးအသင်းသည် ဂျူဗင်တပ် အသင်းကွင်းလယ်ကစားသမား ဒေါက်ကလပ်လူးဝစ်နှင့် ခံစစ်ကစားသမား ကမ်ဘီယာဆိုတို့ကို ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီး ဒေါက်ကလပ်လူးဝစ်ကို ယခုအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့်ခေါ်ယူ၍ ခံစစ်ကစားသမား ကမ်ဘီယာဆိုကိုလာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ကနဦးက အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမား ကမ်ဘီယာဆိုကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားရန်စီစဉ်ခဲ့ပြီး ကစားသမားအနေဖြင့် ပြီးခဲ့သည့်အင်္ဂါနေ့က ခြေချင်းဝတ်ဒဏ်ရာကြောင့် လေ့ကျင့်ရေးအစီအစဉ်မှ နုတ်ထွက်ခဲ့ရကာ တစ်လကျော် အနားယူရမည်ဖြစ်သည့်အတွက် မန်စီးတီးအသင်းတာဝန်ရှိသူများက လာမည့်နွေရာသီမှသာ ခေါ်ယူသွားရန် ဆုံးဖြတ်ခဲ့ကာ အသင်းဖော် ကစားသမား ဒေါက်ကလပ်လူးဝစ်ကိုသာ လက်ရှိအပြောင်းအရွှေ့ကာလတွင် ကာလတိုအငှားစာချုပ်ဖြင့် ခေါ်ယူရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းကလည်း အသင်းကစားကွက်နှင့် ကိုက်ညီမှုမရှိသည့် လူးဝစ်ကို အငှားစာချုပ်ဖြင့် လက်လွှတ်ရန် ဆန္ဒရှိနေကာ စာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့် ထည့်သွင်းလိုသဖြင့် ကာလတိုအသုံးပြုရန်စီစဉ်ထားသည့် မန်စီးတီးအသင်းက ၎င်းအတွက် ဆက်လက်ဆွေးနွေးမှုပြုလုပ်နေရပြီး ဂျူဗင်တပ်အသင်းက ကစားသမားအတွက် အနည်းဆုံး စတာလင်ပေါင်သန်း ၃၀ ထိ တောင်းဆိုထားသည်။

မန်စီးတီးအသင်းသည် ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် အတ္တလန်တာအသင်းမှ အီဒါဆန်ကို အနာဂတ်စီမံကိန်းအတွက် အသုံးပြုရန် စီစဉ်ထားသဖြင့် အသက် ၂၆ နှစ်ရှိ ဒေါက်ကလပ်လူးဝစ်ကို အပြီးသတ်ဝယ်ယူရန် ဆန္ဒမရှိသေးကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

Ref : Daily Mail

Trs : ML

## အားကစားသတင်းအတိုအထွာများ

- လာလီဂါအဖွဲ့ချုပ်ဥက္ကဋ္ဌ တီဗက်စ်က ဘာစီလိုနာအသင်းကစားသမားအိုမို၏ မှတ်ပုံတင်မှုကို ပြန်လည်ဖျက်သိမ်းရန် မျှော်လင့်ထားသကဲ့သို့ ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်တို့၏ အယ်ကလက်စီကိုပွဲစဉ်ကိုလည်း နိုင်ငံပြင်ပတွင်ကစားနိုင်ရန် စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- စပါးအသင်းက လက်စတာအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား မက်ဒီဆင် ခြေသလုံးကြွက်သား ဒဏ်ရာရခဲ့သောကြောင့် ရက်သတ္တသုံးပတ်ခန့်အနားယူရမည်ဖြစ်ကြောင်း နည်းပြပိုစတီကိုဂလူက ထုတ်ပြန်ခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား မက်သီတဲလ်က အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သောကြောင့် ၎င်းကိုစိတ်ဝင်စားနေသည့် ချဲလ်ဆီးအသင်းက ယခုအပြောင်းအရွှေ့ကာလတွင်ခေါ်ယူနိုင်ရန် သေချာနေကြောင်း သိရသည်။ ML

# လက်ချီခံစစ်ကစားသမား ဒိုဂူကို ယူရို ၃၈ သန်းဖြင့် မန်ယူအသင်းခေါ်ယူ




မန်ချက်စတာ ဇန်နဝါရီ ၂၉

မန်ယူအသင်းသည် အပြောင်းအရွှေ့ကာလ မတိုင်မီကတည်းက စိတ်ဝင်စားနေသည့် လက်ချီအသင်း ခံစစ်ကစားသမား ဒိုဂူကို ပြောင်းရွှေ့ကြေးယူရို ၃၈ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လက်ချီအသင်းနှင့် မန်ယူအသင်းတို့ကြား ဒိုဂူကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ဒိုဂူသည် လက်ချီအသင်း သမိုင်းတစ်လျှောက်တွင် စံချိန်တင်အပြောင်းအရွှေ့ တစ်ခုဖြစ်ခဲ့ကာ မန်ယူအသင်းအနေဖြင့် ကစားသမားအတွက် စုစုပေါင်း ယူရို ၃၈ သန်းထိ အသုံးပြုခဲ့ရသော်လည်း မည်သည့်ကာလထိစာချုပ်ချုပ်ဆိုမည်ကို ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

မန်ယူအသင်းသည် ဒိုဂူကို အပြောင်းအရွှေ့ စတင်ဖွင့်လှစ်ကတည်းက ခေါ်ယူရန်အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း လက်ချီအသင်းတာဝန်ရှိသူများကအနည်းဆုံးယူရို သန်း ၄၀ ထိအလိုရှိနေသဖြင့် ထပ်မံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ယခုအခါ စုစုပေါင်း ယူရို ၃၈ သန်းဖြင့် သဘောတူညီမှု ရရှိခဲ့သည်။

လက်ချီအသင်းကလည်း ပြီးခဲ့သည့်အင်္ဂါနေ့က ခံစစ်ကစားသမား တီယာဂိုဂါဘရီရယ်နှင့် ဒန်နီလိုဗီအီဂါတို့ကို ခေါ်ယူနိုင်ခဲ့သဖြင့် ဒိုဂူကို လက်လွှတ်ရန် ဆုံးဖြတ်ခဲ့ပြီး အင်တာမီလန်အသင်းကို လေးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်သည် ခံစစ်ကစားသမား ဒိုဂူအတွက် စီးရီးအေကစားသမားဘဝ နောက်ဆုံးပွဲစဉ်ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Football Italia

Trs : ML

# Bahrain Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်မည်ဖြစ်ကြောင်း လက်ရှိချန်ပီယံဒိုင်လန် ပြောကြား

အယ်လ်မက်ဇ်ရိုဗီ ဇန်နဝါရီ ၂၉

ဘာရိန်းနိုင်ငံ အယ်လ်မက်ဇ်ရိုဗီမြို့တွင် ကျင်းပမည့် Bahrain Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားဒိုင်လန်က ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း လူမှုကွန်ရက်မှတစ်ဆင့် ၎င်း၏ ပရိသတ်များအား ယနေ့တွင် အသိပေးခဲ့သည်။



ဒိုင်လန်သည် DP World Tour ပြိုင်ပွဲများတွင် ၂၀၁၇ ခုနှစ်နောက်ပိုင်းဆုဖလားရယူနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၂၄ ခုနှစ်တွင် Bahrain Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပထမဆုံးသောDP World Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒိုင်လန်အတွက် အမှတ်တရများစွာရှိနေသည့် ပြိုင်ပွဲဖြစ်ပြီး အခြားသောပြိုင်ပွဲများထက် Bahrain Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဦးစားပေးရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒိုင်လန်က "၂၀၁၇ ခုနှစ်နောက်ပိုင်း DP World Tour ရဲ့ ပြိုင်ပွဲတွေမှာအောင်မြင်မှုလုံးဝမရခဲ့ဘူး။ မနှစ်က Bahrain Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တယ်။ ကျွန်တော့်အတွက်တော့ ကာလရှည်အောင်မြင်မှုမရတဲ့ အခြေအနေကနေ ခုနှစ်နှစ်အတွင်း ပထမဆုံးချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့တယ်။ ဘဝအတွက် တကယ့်ကို အမှတ်တရတွေနဲ့ ပြည့်နေတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ဒါကြောင့်လဲ တခြားပြိုင်ပွဲတွေထက် Bahrain Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဂျန်နစ်စ်ခ်ဆင်နာအပါအဝင် နာမည်ကြီးကစားသမားတချို့ Rotterdam တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်

ရောမ ဇန်နဝါရီ ၂၉

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးထားသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်စ်ခ်ဆင်နာသည် နယ်သာလန်နိုင်ငံတွင် ကျင်းပသွားမည့် Rotterdam တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျန်နစ်စ်ခ်ဆင်နာက Rotterdam တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် ဗြိတိန်အဆင့်(၁) တင်းနစ်ကစားသမား ဂျက်ဒရပ်ပါသည်လည်း ပြိုင်ပွဲမှ နုတ်ထွက်ကြောင်းထုတ်ပြန်ကြေညာခဲ့သလို ဘူလ်ဂေးရီးယားအဆင့်(၁) တင်းနစ်ကစားသမား ဒီမီထရော့ဗ်သည်လည်း ပြိုင်ပွဲမှ နုတ်ထွက်ကြောင်းထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျန်နစ်စ်ခ်ဆင်နာက ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့်အတွက် စပိန်တင်းနစ် ကစားသမားအယ်ကာရက်ဇ်က နိုင်ခြေအဆင့်(၁) ပြိုင်ပွဲဝင်အနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဂျက်ဒရပ်ပါသည် ဗြိတိန်အဆင့်(၁) တင်းနစ် ကစားသမားဟောင်း ဖြစ်သူအင်ဒီမာရေး၏ နည်းပြဖြစ်သူနှင့် လက်တွဲအလုပ်လုပ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ပြင်ဆင်လေ့ကျင့်မှုများစတင်ပြုလုပ်နေပြီဖြစ်ပြီး ပြင်ဆင်ချိန်ပိုမိုရယူလို၍ Rotterdam တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဂျက်ဒရပ်ပါက ၂၀၂၅ ခုနှစ် တင်းနစ်ရာသီတွင် ၎င်းအနေဖြင့် ဒဏ်ရာကင်းစင်စွာဖြင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးကို ပစ်မှတ်ထားနေသောကြောင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက်ပြင်ဆင်လေ့ကျင့်ချိန် ပိုယူသွားမည်ဖြစ်ကြောင်း လည်းပြောကြားခဲ့သည်။

ဂျက်ဒရပ်ပါသည် မကြာသေးမီကကျင်းပခဲ့သော ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စတုတ္ထအဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး ဒဏ်ရာပြဿနာကြောင့် ပွဲပြီးအောင် ကစားနိုင်ခဲ့ခြင်းမရှိခဲ့သည့် အခြေအနေဖြင့်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : AZL

# မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ် (၈)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက် ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈နာရီခွဲက Gold Dream FC အသင်းနှင့် KKY FC အသင်းတို့ ကစားခဲ့ရာ Gold Dream FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၀နာရီက 7 Brother FC အသင်းနှင့် Black Cross FC အသင်းတို့ ကစားခဲ့ရာ Black Cross FC အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၁၁နာရီခွဲက 7 Dragon FCအသင်း နှင့်ShwePyi Thar United အသင်း တို့ကစားခဲ့ရာ7 Dragon FC အသင်း က သုံးဂိုးနှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီ က TG Unitedအသင်းနှင့် Pacific Sun Far FCအသင်းတို့ကစားခဲ့ရာ Pacific Sun Far FC အသင်းက လေးဂိုးနှစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲက Let Wel Thone Nara FCအသင်းနှင့်YCDC Marga Youth FCအသင်းတို့ ကစားခဲ့ရာ YCDC Marga Youth FCအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၄နာရီက JZ Young FC အသင်းနှင့် Maryar FC အသင်း တို့ကစားခဲ့ရာ JZ Young FC အသင်းက ခုနစ်ဂိုး လေးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိ ခဲ့ကြသည်။

အလားတူ မြန်မာဖူဆယ် လိဂ်-၁ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များ ကိုလည်း ဇန်နဝါရီ ၁၀ရက် နံနက် ၉နာရီမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် ဆက် လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ONE 171ပြိုင်ပွဲတွင် အောင်လအန်ဆန် တွဲဆိုင်းပါဝင်မည်ဖြစ်ပြီး တူကီယဲဖိုက်တာ အာဒိုဂန်နှင့် ထိုးသတ်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၉**

ONE Championship က ONE 171ပြိုင်ပွဲအတွက် တွဲဆိုင်း များကို ထုတ်ပြန်ခဲ့ရာတွင် မြန်မာ ဖိုက်တာ အောင်လအန်ဆန်၏ တွဲဆိုင်း ပြန်လည်ပါဝင်လာခဲ့ပြီး တူကီယဲဖိုက်တာ အာဒိုဂန်နှင့် ထိုးသတ်သွားရမည် ဖြစ်ကြောင်း သိရသည်။

အောင်လအန်ဆန်နှင့်အာဒိုဂန် တို့သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၆ ရက်က အမေ ရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် ONE 161ပြိုင်ပွဲတွင် ပထမအကြိမ် ထိုးသတ်ခဲ့ဖူးပြီး အဆိုပါပွဲစဉ်တွင် အာဒိုဂန်က ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

ONE Championship ပြိုင်ပွဲ များတွင် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်နှင့် ကမ္ဘာ့လိုက်ဖ် ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် တို့ကို ပူးတွဲပိုင်ဆိုင်ခဲ့ဖူးသည့် အောင်လအန်ဆန်အနေဖြင့် ယခု နှစ်အတွင်း ပထမဆုံးပွဲစဉ်အဖြစ် အာဒိုဂန်နှင့် ထိုးသတ်သွားမည် ဖြစ်သည်။

အသက် ၃၉နှစ်ရှိ အောင်လ အန်ဆန်သည် ONE Champion-ship ပြိုင်ပွဲများတွင် စုစုပေါင်း ၁၄ပွဲထိုးသတ်ခဲ့သူဖြစ်ပြီး ၁၀ပွဲ အနိုင်ရရှိအောင် စွမ်းဆောင်ထား ကာ လေးပွဲရှုံးနိမ့်ခဲ့ပြီး အသက် ၃၄ နှစ်ရှိ အာဒိုဂန်သည် နှစ်ပွဲသာ ထိုးသတ်ထားကာ နှစ်ပွဲလုံးအနိုင် ရရှိထားသူဖြစ်သည်။

အောင်လအန်ဆန်နှင့်အာဒိုဂန် တို့ပါဝင်လာမည့် ONE 171ပြိုင်ပွဲ ကို လာမည့် ဖေဖော်ဝါရီ ၂၀ ရက် တွင် အရှေ့အလယ်ပိုင်းဒေသ ဖြစ်သည့် ကာတာနိုင်ငံရှိ Lusail Sports Arenaတွင် ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။ STA

# WBC စူပါမစ်ဒယ်ဝိတ်တန်းယာယီချန်ပီယံအတွက် အော့စလေနှင့် ပလန်တစ်တို့ ယှဉ်ပြိုင်ထိုးသတ်သွားရန် ဆွေးနွေး



**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၉**

IBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကျူးဘားလက်ဝှေ့ သမားအော့စလေသည် WBC စူပါ မစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံ အတွက် ခရိုအေးရှားလက်ဝှေ့ သမားပလန်တစ်နှင့် ယှဉ်ပြိုင် ထိုးသတ်သွားရန် ဆွေးနွေးမှုစတင် နေပြီဖြစ်ကြောင်း WBC အဖွဲ့ချုပ် က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ပလန်တစ်သည်လည်း ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် WBC International စူပါမစ်ဒယ်ဝိတ် တန်းချန်ပီယံခါးပတ်အား ဆွတ်ခူး ထားသူဖြစ်ပြီး အော့စလေနှင့် ပလန်တစ်တို့ နှစ်ဦးစလုံးသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမား များဖြစ်ကြသည်။

အော့စလေသည် လက်ရှိစူပါ မစ်ဒယ် ဝိတ်တန်းလောကတွင် ကမ္ဘာ့အဆင့်(၄)နေရာတွင် ရပ်တည် နေသူဖြစ်ပြီး ပလန်တစ်က ကမ္ဘာ့ အဆင့်(၅)နေရာတွင် ရပ်တည်နေ သည့်လက်ဝှေ့သမားဖြစ်ကာယာယီ ကမ္ဘာ့ချန်ပီယံဆုအတွက် ထိုး သတ်ခွင့်ရရှိထားသူများလည်းဖြစ် ကြသည်။

အသက် ၂၇ နှစ်အရွယ် အော့ စလေသည် စိန်ခေါ်ပွဲပေါင်း ၁၃ ပွဲထိုးသတ်ထားသူဖြစ်ပြီး အသက် ၂၈နှစ်အရွယ် ပလန်တစ်က စိန်ခေါ်ပွဲပေါင်း ၁၁ ပွဲ ထိုးသတ် ထားသည့် လက်ဝှေ့သမားဖြစ်ပြီး စူပါမစ်ဒယ်ဝိတ်တန်းလောကတွင် ကမ္ဘာ့ချန်ပီယံများအား အဓိက စိန်ခေါ်နိုင်သည့် လက်ဝှေ့သမား များဖြစ်ကြသလို ရှုံးပွဲမရှိစံချိန် ကိုလည်း ဆက်လက်ထိန်းသိမ်းရန် ပစ်မှတ်ထားနေကြသည်။

အော့စလေနှင့် ပလန်တစ်တို့ ၏စိန်ခေါ်ပွဲအတွက် ဆွေးနွေးမှုများ စတင်နေပြီဖြစ်သလို လာမည့် ရက်ပိုင်းအတွင်း သဘောတူညီ ချက် ရရှိနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# လူးဝစ်စကယ်လီ အယူခံအောင်မြင်မှုကြောင့် သုံးပွဲပယ်ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့

**လန်ဒန် ဇန်နဝါရီ ၉**

အာဆင်နယ် အသင်းသည် ခံစစ်ကစားသမား လူးဝစ်စကယ် လီ၏အနီကတ်ပြစ်ဒဏ်ကို အက်ဖ်အေသို့ အယူခံတင်သွင်းခဲ့ရာ အောင်မြင်ခဲ့သဖြင့် သုံးပွဲပယ် ပြစ်ဒဏ်ကျခံရမည့် အရေးမှ လွတ်မြောက်ခဲ့သည်။

အသက် ၁၈ နှစ်ရှိ လူငယ် ခံစစ်ကစားသမားသည် ဝုဗ်အသင်း ကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် အမှတ်ပေးပွဲစဉ်၌ ပွဲကစားချိန် ၄၃ မိနစ်အရောက်တွင် ပြိုင်ဘက် ကစားသမား ဒိုဟာတီကို ပြစ်ဒဏ် ကျူးလွန်ခဲ့မှုကြောင့် ကွင်းလယ် ဒိုင်အိုလီဗာက တိုက်ရိုက်အနီကတ် ပြသခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရ သဖြင့် နည်းပြအာတီတာကအငြင်း ပွားဖွယ်ရာ ဆုံးဖြတ်ချက်ဖြစ်နေ၍ အယူခံတင်သွင်းရန် ဆုံးဖြတ် ခဲ့သည်။

နည်းပြအာတီတာက “စကယ် လီရဲ့ ပြစ်ဒဏ်ဟာ ပြင်းထန်လွန်း ပါတယ်။ ကျွန်တော်တို့ အယူခံ မဝင်ခဲ့ရင်တော့ လာမဲ့တနင်္ဂနွေမှာ ကစားမဲ့ အေဗီလာနဲ့အမှတ်ပေး ပွဲစဉ်၊ဖေဖော်ဝါရီ၅ရက်မှာကစားမဲ့ နယူးကာဆယ်နဲ့ ကွာရာဘောင်း ဖလားဆီမီးဖိုင်နယ်ပွဲစဉ်နဲ့ ဖေဖော် ဝါရီ၁၅ရက်မှာကစားမဲ့ လက်စတာ နဲ့ အမှတ်ပေးပွဲတို့ကို လွဲချော်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အယူခံ တင်သွင်းခဲ့တာပါ” ဟု ပြောကြား ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် VAR ဆုံးဖြတ်ချက်ကြောင့် အနီ ကတ်ပြသခံရသည့် ကစားသမား များထဲတွင် အယူခံအောင်မြင် ခဲ့သည့် ၂၀၂၄ ခုနှစ် စက်တင် ဘာလက စပါးအသင်းနဲ့ပွဲတွင် မန်ယူအသင်းခေါင်းဆောင် ဘရူ နိုဖာနန်ဒက်စ်၊ ၂၀၂၄ ခုနှစ် နိုဝင် ဘာလက အဲဗာတန်အသင်းနှင့် ကစားခဲ့သည့်ပွဲတွင် ဘရန့်ဖို့ဒ် အသင်းခေါင်းဆောင် နော်ဂတ် တို့ဖြစ်ပြီး လူငယ်ခံစစ်ကစား သမား စကယ်လီသည် တတိယ မြောက်ကစားသမား ဖြစ်လာ ခဲ့ကြောင်း သိရသည်။ Ref : ESPN

Trs : ML



# ၂၀၂၅ ခုနှစ် ကမ္ဘောဇဖလားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၉ ရက်ထိ ကျင်းပမည်

**တောင်ကြီး ဇန်နဝါရီ ၉**

ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ရှမ်း ပြည်နယ် ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၂၅ ခုနှစ် ကမ္ဘောဇဖလား အလွတ်တန်း ဖိတ်ခေါ်ရှုံးထွက်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ၃၀ရက်မှစတင်ပြီး ဖေဖော် ဝါရီ ၉ရက်ထိ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ကမ္ဘောဇဖလား အလွတ်တန်း ဖိတ်ခေါ်ရှုံးထွက် ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ် (က)အသင်း၊ ကန္ဒရဝတီအသင်း၊ ပအိုဝ်းလူငယ်အသင်း၊ မြို့မ (မကွေး)အသင်း၊ Glory FC (ပြင်ဦးလွင်)အသင်း၊ စစ်ကိုင်း အက်ဖ်စီအသင်း၊ ရှမ်းပြည်နယ်(ခ) အသင်း၊ Yangon Region U-23 အသင်း၊ ပေါင်းလောင်းအက်ဖ်စီ (နေပြည်တော်)အသင်း၊ EC FC အသင်း၊ရှမ်းပြည်နယ်(ဂ)အသင်း၊ ထီလာမောင်အက်ဖ်စီ (မိတ္ထီလာ) အသင်း စသည့်အသင်းများပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေ များအဖြစ် ပထမဆုအတွက် ငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆု အတွက် ငွေကျပ်သိန်း ၇၀၊ ပွဲစဉ် အလိုက် အကောင်းဆုံးကစား သမားဆုအတွက် ငွေကျပ်တစ်သိန်း ချီးမြှင့် ပေးအပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အသင်းများအတွက် ထောက်ပံ့မှုအဖြစ် ရပ်ဝေးမှ အသင်းများအတွက် ပွဲကစားမည့် နေ့တိုင်းတွင် ငွေကျပ် ၁၀ သိန်း၊ ရပ်နီးမှ အသင်းများအတွက် ပွဲကစားမည့်နေ့တိုင်းတွင် ငွေကျပ် ခုနစ်သိန်းနှုန်း ပေးအပ်သွားမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲရှုံးထွက်ပွဲစဉ်များ ကို ဇန်နဝါရီ ၃၀ရက်မှ စတင်ပြီး ဖေဖော်ဝါရီ ၁ရက်ထိလည်းကောင်း၊ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဖေဖော်ဝါရီ ၂ရက်မှ ၅ရက်ထိလည်း ကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ရက်နှင့် ၇ရက်တို့ တွင်လည်းကောင်း၊ တတိယလုပွဲ နှင့် ဗိုလ်လုပွဲစဉ်တို့ကို ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း ကျင်းပ သွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အပြီး တွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ STA

# ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည် ပစ်လွှတ်လိုက်သောအိန္ဒိယ

မောင်စိန်အိ(နဘဲမြေ)

အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် နျူကလီးယား လက်နက်စွမ်းဆောင်ရည်သည် ရေငုပ်သင်္ဘောတင် ပဲ့ထိန်းဒုံးကျည်သစ်ကို ပထမဆုံးအကြိမ် စမ်းသပ်ဆောင်ရွက်မှုနှင့်အတူ ရုတ်တရက်တိုးတက်လာခဲ့ရာ အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ ပြင်းထန်သော ပြိုင်ဆိုင်မှုအတွက် ခြေလှမ်းတစ်ရပ်ပြင်ဆင်နိုင်ခဲ့ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော နျူကလီးယား စွမ်းအင်သုံးပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော (SSBN) သည် K-4 အမျိုးအစားရေငုပ်သင်္ဘောတင်ပဲ့ထိန်း ဒုံးကျည်(SLBM)ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း အိန္ဒိယသုတေသနနှင့် ကာကွယ်ရေးအဖွဲ့(IDRW)က အစီရင်ခံခဲ့သည်။

K-4 အမျိုးအစားရေငုပ်သင်္ဘောတင်ပဲ့ထိန်း ဒုံးကျည် (SLBM) သည် အကွာအဝေး ကီလိုမီတာ ၃၅၀၀ ခန့်ထိ ရောက်ရှိပစ်ခတ်နိုင်ပြီး ကီလိုမီတာ ၇၅၀ သာ ရောက်ရှိပစ်ခတ်နိုင်သည့် K-15 ဒုံးကျည်ကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ စမ်းသပ်ပစ်ခတ်မှုသည် အိန္ဒိယနိုင်ငံ၏ ရေအောက်မဟာဗျူဟာတပ်ဖွဲ့များ၏ တာဝေးပစ် ရေငုပ်သင်္ဘောတင် ပဲ့ထိန်းဒုံးကျည်များ ပေါင်းစပ်သည့် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းပြည်၏ နျူကလီးယားတိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း အိန္ဒိယသုတေသနနှင့် ကာကွယ်ရေးအဖွဲ့(IDRW) အစီရင်ခံစာ၌ ဖော်ပြထားသည်။

K-4 အမျိုးအစားရေငုပ်သင်္ဘောတင် ပဲ့ထိန်း ဒုံးကျည် (SLBM) စမ်းသပ်ပစ်ခတ်ခြင်းကို ရေအောက် ပလက်ဖောင်းများမှ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည့်အတွက် လက်တွေ့ရေအောက်ပစ်ခတ်စဉ်များတွင် ဒုံးကျည်၏ ထိရောက်မှုကို သေချာစေမည်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်သော စမ်းသပ်ပစ်ခတ်မှုသည် နျူကလီးယားလက်နက် စတင်အသုံးမပြုသည့်မူဝါဒကို ခိုင်မာစွာ လိုက်နာစောင့်ထိန်းနေစဉ် အနိမ့်ဆုံး ဟန့်တားမှုစွမ်းဆောင်ရည်ထိန်းသိမ်းသွားမည့် အိန္ဒိယနိုင်ငံ၏ ခိုင်မာသော ဆုံးဖြတ်ချက်ကို ထင်ဟပ်စေလျက်ရှိကြောင်း အိန္ဒိယသုတေသနနှင့် ကာကွယ်ရေးအဖွဲ့(IDRW) အစီရင်ခံစာ၌ ဖော်ပြထားသည်။

လက်ရှိ သုတေသနပြုတည်ဆောက်ဆဲ K-5 (SLBM) သည် ကီလိုမီတာ ၅၀၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် စွမ်းဆောင်ရည်များကို ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်သည်။ K-4 အမျိုးအစားရေငုပ်သင်္ဘောတင် ပဲ့ထိန်း ဒုံးကျည် (SLBM)၏ စွမ်းဆောင်ရည်များသည် Agni-III တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် (IRBM)၏ စွမ်းဆောင်ရည်များနှင့် တူညီသည်။

အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (DRDO) က K-4 အမျိုးအစား ရေငုပ်သင်္ဘောတင် ပဲ့ထိန်းဒုံးကျည် (SLBM) သည် ချွတ်ယွင်းချက်အပြစ်အနာအဆာမရှိဘဲ ပစ်ခတ်နိုင်ကြောင်း၊ ၎င်းဒုံးကျည်သည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းရှိ ခံတပ်မှနေ၍ ပါကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်ကြောင်း သုံးသပ်ကောက်ချက်ချထားသည်။ အိန္ဒိယနိုင်ငံ၏ နျူကလီးယား စွမ်းအင်သုံးပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော (SSBN) များသည် K-4 အမျိုးအစား ရေငုပ်သင်္ဘောတင် ပဲ့ထိန်းဒုံးကျည်တစ်စင်း သို့မဟုတ် K-15 SLBM သုံးစင်းသယ်ဆောင်ထားသော ဒုံးပစ်ပြွန်များဖြင့် ပစ်ခတ်မည်ဖြစ်သည်။ K-4 SLBM သည် ပစ်မှတ်ပေါင်းစုံကို လွတ်လပ်စွာ တစ်ပြိုင်တည်းပစ်ခတ်နိုင်စွမ်းရှိသည့် ဒုံးကျည် ထိပ်ဖူးနည်းပညာ (MIRV) များ ပါရှိသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ဒုံးကျည်ထိပ်ဖူး နည်းပညာ (MIRV)တပ်ဆင်ထားသော Agni-5 ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့သောကြောင့် မဟာဗျူဟာမြောက်ကာကွယ်ရေး စွမ်းဆောင်ရည်များတွင် သိသာထင်ရှားသည့် အဆင့်မြှင့်တိုးတက်လာမှုများကို ထင်ဟပ်စေလျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင်းရှိ Abdul Kalam ကျွန်းပေါ်တွင် လုပ်ဆောင်ခဲ့သည့် ပစ်ခတ်စမ်းသပ်မှုသည် အိန္ဒိယနိုင်ငံကို အမေရိကန်၊



K- 4 ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည်(SLBM)ပစ်လွှတ်နေသည်ကို တွေ့ရစဉ်။

ဗြိတိန်၊ ပြင်သစ်၊ တရုတ်၊ ရုရှား၊ ပါကစ္စတန်နိုင်ငံတို့အပါအဝင် ဒုံးကျည်ထိပ်ဖူးနည်းပညာ (MIRV) ပိုင်ဆိုင်ထားရှိသည့် အဆင့်မြင့်နိုင်ငံများစာရင်းတွင် ပါဝင်လာစေသည်။

ဒုံးကျည်ထိပ်ဖူးနည်းပညာ (MIRV) သည် အိန္ဒိယနိုင်ငံ၏ တုံ့ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိသောကြောင့် ပြိုင်ဘက်နိုင်ငံများ၏ ဒုံးကျည်ကာကွယ်ရေးမဟာဗျူဟာများကို ရှုပ်ထွေးစေပြီး ၎င်း၏ နျူကလီးယား စတင်အသုံးပြုခြင်းမရှိဆိုသောမူဝါဒကို အားသစ်လောင်းစေလျက်ရှိသည်။

ထို့ပြင် အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(DRDO)သည် ကုန်းမြေအခြေစိုက် Agni-V ဒုံးကျည်ကို အခြေခံလျက် ကီလိုမီတာ ၅၀၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သော SLBM ကို သုတေသနပြုတည်ဆောက်သွားရန် စီစဉ်နေကြောင်း အိန္ဒိယကာကွယ်ရေးအဆင့်မြင့် အရာရှိကြီးများက ပြောကြားခဲ့သည်။ ထိုသို့ တည်ဆောက်နိုင်မည်ဆိုလျှင် အိန္ဒိယရေငုပ်သင်္ဘောများသည် တောင်တရုတ်ပင်လယ် အပါအဝင် အာရှအပြင် အာဖရိက၊ ဥရောပနှင့် အင်ဒို- ပစိဖိတ်ဒေသများရှိ ပစ်မှတ်မျိုးစုံကို တိုက်ခိုက်နိုင်စွမ်း ရှိစေမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ဒုံးကျည်ထိပ်ဖူးနည်းပညာ(MIRV) ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည်(SLBM)တပ်ဆင်ထားသော ပင်လယ်ပြင်အခြေစိုက် နျူကလီးယား လက်နက်များသည် ၎င်း၏ တုံ့ပြန်တိုက်ခိုက်ရေး စွမ်းဆောင်ရည်၏ အခြေခံအုတ်မြစ်ဖြစ်လာမည် ဖြစ်ပြီး တရုတ်နိုင်ငံ၏ အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်ရန် ကြိုးပမ်းသွားလိမ့်မည်ဖြစ်သည်။ ဒုံးကျည်ထိပ်ဖူးနည်းပညာ(MIRV) ရေငုပ်သင်္ဘောတင် ပဲ့ထိန်းဒုံးကျည်(SLBM)များသည် အိန္ဒိယရေတပ်၏ ပင်လယ်ပြင်ဟန့်တားမှု စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

သို့သော် တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှုများကို လျစ်လျူရှုထားမည် မဟုတ်ချေ။ တရုတ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်း ရေတပ်ဖြန့်ကြက်မှုကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံရှိ ဂွာဒါဆိပ်ကမ်းနှင့် သီရိလင်္ကာနိုင်ငံရှိ ဟန်ဘန်တိုတာဆိပ်ကမ်းများကို စီးပွားရေးအရ လွှမ်းမိုးချုပ်ကိုင်လာလျက်ရှိသည်။

ဂျီဘူတီရှိ တရုတ်စစ်အခြေစိုက်စခန်းသည် အိန္ဒိယသမုဒ္ဒရာအတွင်း ၎င်း၏ရေတပ်စစ်ဆင်ရေးကို အဆင်ပြေချောမွေ့စေလျက်ရှိသည်။ ၎င်းနေရာသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အခြားသော စစ်ဘက်အခြေခံအဆောက်အအုံများ၏ အပြန်အလှန်ပံ့ပိုးမှု မရရှိသောကြောင့် အထိအခိုက်မခံသော ပံ့ပိုးရေးလမ်းကြောင်းများ၏ ဂိတ်ဆုံနေရာအဖြစ် သီးခြားတည်ရှိသည့်အပြင် လုပ်ငန်းလည်ပတ်ရာ၌ ကန့်သတ်ချက်များဖြစ်ပေါ်စေလျက်ရှိသည်။ သို့သော် ဂွာဒါဆိပ်ကမ်းနှင့် ဟန်ဘန်တိုတာဆိပ်ကမ်းရှိ နည်းလမ်းနှစ်သွယ်အသုံးပြုနိုင်သည့် တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများသည် ၎င်း၏ ရေတပ်စစ်ဆင်ရေးများအတွက် ထူးခြားသောနေရာများအဖြစ် ပေါ်ထွက်လာလျက်ရှိသည်။

ဂွာဒါဆိပ်ကမ်းသည် ပထဝီမြေအနေအထား၊ စစ်ရေးဆိုင်ရာထူးခြားမှုနှင့် တရုတ်ဆိပ်ကမ်းလုပ်ငန်းများတွင် ပါဝင်မှုများကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်-ရေတပ် (PLA-N) အတွက် ရေရှည်ဆိုက်ကပ်ရပ်နားရန်နှင့် ရိက္ခာဖြည့်ဆည်းရန်အဖြစ် အထောက်အကူပြုသွားရန် အလားအလာရှိနေသည်။

ထို့ပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) အတွင်းရှိ အရာရှိကြီးများက ဂွါဒါဆိပ်ကမ်းသို့ တရုတ်နိုင်ငံ၏ ဝင်ရောက်ထွက်ခွာမှုသည် ထိရောက်လုံခြုံမှုရှိသည်ဟု သုံးသပ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အရာရှိများက ၎င်းဆိပ်ကမ်း၌ အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် လိုအပ်သည့်အချိန်တွင် အသုံးချနိုင်မည်ဟု ကောက်ချက်ချခဲ့သည်။

ထို့ပြင် ဟန်ဘန်တိုတာဆိပ်ကမ်းသည် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံ၏ နောက်ထပ်ပြည်ပစစ်အခြေစိုက်စခန်းဖြစ်လာဖွယ်ရှိနေသည်။ စင်စစ်အားဖြင့် တရုတ်နိုင်ငံသည် ပင်လယ်ရပ်ခြားတွင် ရင်းနှီးမြှုပ်နှံထားသည့် ၎င်း၏ ဆိပ်ကမ်းများကို တိုက်ရိုက်ထိန်းချုပ်လျက်ရှိသည်။

ဂွာဒါဆိပ်ကမ်းနှင့် ဟန်ဘန်တိုတာဆိပ်ကမ်းတို့သည် စစ်ရေးရှုထောင့်အရ အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်ရေတပ်တည်ရှိမှုကို အဆင်ပြေချောမွေ့စေပြီး အိန္ဒိယနိုင်ငံ၏ ပင်လယ်ပြင်အခြေစိုက် နျူကလီးယား ဟန့်တားမှုစွမ်းဆောင်ရည်အပေါ် ခြိမ်းခြောက်ရန် အလားအလာရှိနေသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့်လည်း အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်အင်အားပြိုင်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ ပါကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ခြိမ်းခြောက်မှုများကြောင့် အိန္ဒိယနိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို တွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။

လက်ရှိအချိန်တွင် တာဝေးပစ်ဒုံးကျည်များ၊ ကုန်းမြေအခြေစိုက်ဒုံးကျည်များနှင့် ဒုံးကျည်ထိပ်ဖူး ထောင်ပေါင်းများစွာ ထုတ်လုပ်မှုဖြင့် တရုတ်နိုင်ငံ၏ နျူကလီးယားတပ်ဖွဲ့များ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုများသည် အိန္ဒိယနိုင်ငံကို စိုးရိမ်ပူပန်မှု မြင့်တက်လာစေလျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ နျူကလီးယားမဟာဗျူဟာသည် အမေရိကန်နိုင်ငံက ၎င်း၏ နျူကလီးယားလက်နက်များကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်နေသကဲ့သို့ပင် အလားတူအဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်သည်။

ထိုသို့ နျူကလီးယားလက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများသည် အငြင်းပွားမှုများ ပိုမိုမြင့်တက်လာစေမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ နျူကလီးယား အင်အားသည် အိန္ဒိယနိုင်ငံနှင့် လက်ရှိဖြစ်ပေါ်နေသောဟိမဝန္တာနယ်စပ်ပြဿနာကဲ့သို့ သမားရိုးကျ ပဋိပက္ခများ အရှိန်မြင့်တက်လာစေနိုင်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ခေတ်မီဒုံးကျည်များ တည်ဆောက်နေရခြင်းသည် မဟာဗျူဟာမြောက် ဟန့်တားမှုတိုးမြှင့်တည်ဆောက်ပြီး နျူကလီးယား လက်နက်တပ်ဆင်ထားသော အိမ်နီးချင်းနိုင်ငံများအနီးတွင် လုံခြုံမှု ဆက်လက်ထိန်းသိမ်းသွားရန်ပင် ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံသည် ခေတ်မီဒုံးကျည်များ တိုးတက်စေရန် ဆောင်ရွက်ခြင်းအားဖြင့် တရုတ်နိုင်ငံကဲ့သို့သော ပြိုင်ဘက်နိုင်ငံများထံမှ မြင့်တက်လာသည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန် ရည်မှန်းထားရှိသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် ပစ်မှတ်ပေါင်းစုံကို လွတ်လပ်စွာ တစ်ပြိုင်တည်းပစ်ခတ်နိုင်စွမ်းရှိသည့် ဒုံးကျည်ထိပ်ဖူးနည်းပညာ(MIRV)နှင့်အတူ ကမ္ဘာ့အင်အားကြီးနိုင်ငံများတွင် ပါဝင်ရပ်တည်လာသည်။ ဒုံးကျည်နည်းပညာနယ်ပယ်တွင် တိုးတက်လာသဖြင့် တရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့်အပြိုင် နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်လည်း တိုးတက်လာလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် အရေးပါသော အကျိုးစီးပွားများကို ပါကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ခြိမ်းခြောက်မှုများမှ ကာကွယ်ရန်အတွက် မဟာဗျူဟာများကို လက်ရှိဖြစ်ပေါ်လျက်ရှိသော စိန်ခေါ်မှုများနှင့်အညီ လိုက်လျောညီထွေလုပ်ဆောင်ရလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် K-4 SLBM ဒုံးကျည်များ တည်ဆောက်ခြင်းအပါအဝင် ခေတ်မီစစ်လက်နက်များကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိပေသည်။

**ကိုးကား**

**– India's K-4 missile a nuclear shot across Chia's bow by Asia Times.**

# ရွှေတိဂုံစေတီတော်တွင် ၁၇ ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပမည်


ယခင်နှစ်က ထမနဲထိုးပြိုင်ပွဲကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်တွင် ၁၇ ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ယခုနှစ်တွင် ကျင်းပမည့် မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲတွင် ထမနဲထိုးပြိုင်ပွဲများအပြင် ထမနဲဆွမ်းကပ်လှူခြင်းနှင့် ထမနဲစတုဒိသာကျွေးမွေး လှူဒါန်းခြင်းများလည်း ပါဝင်မည်ဖြစ်ပြီး ထမနဲထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ်ကိုယ်စားပြုအသင်းများ၊ ရွှေတိဂုံစေတီတော် ဗုဒ္ဓဝေယျာဝစ္စ အသင်းများနှင့် ရေကြည်တော်ကပ် အသင်းများ၊ ဝတ်အသင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်တဲ့ ထမနဲပွဲတော်နဲ့ ထမနဲထိုးပြိုင်ပွဲကို ရွှေတိဂုံစေတီတော်မှာ ကျင်းပဖို့စီစဉ်နေပါတယ်။ ထမနဲပွဲတော်အတွက် ထမနဲတစ်ဒယ်ကို ငွေကျပ် တစ်သိန်းနှုန်းနဲ့ ပါဝင်လှူဒါန်းနိုင်ပြီး ထမနဲအလှူရှင်တွေကိုလဲ ထမနဲတွေ ပြန်လည်ဝေမျှပေးသွားမှာဖြစ်ပြီး ရွှေတိဂုံစေတီတော် ပရဝဏ်အတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေကိုလဲ လှူဒါန်းသွားမှာဖြစ်သလို ဘုရားဖူးပြည်သူတွေကိုလဲ စတုဒိသာဝေပေးမှာဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေ ပါဝင်လှူဒါန်းနိုင်အောင် ဂေါပကအဖွဲ့က ထမနဲပွဲတော်အတွက် အလှူခံဌာနကိုလဲ ဖွင့်လှစ်ပေးထားပါတယ်"ဟု ဦးဘိုးသင်းက ပြောပြသည်။

အဆိုပါ ထမနဲလှူဒါန်းပွဲအတွက် ယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၃ နာရီတွင် ထမနဲထိုးပြိုင်ပွဲဝင် အသင်းအဖွဲ့များက ရွှေတိဂုံစေတီတော် အရှေ့ဘက် အောက်ပစ္စယာ ထန်းပင်ကုန်းကွင်းတွင် ထမနဲထိုးပြိုင်ပွဲကျင်းပပြုလုပ်ပြီး ဖေဖော်ဝါရီ ၁၂ ရက် (တပို့တွဲလပြည့်နေ့) နံနက် ၅ နာရီ မိနစ် ၃၀ တွင် ရွှေတိဂုံစေတီတော်ကို ထမနဲဆွမ်း ကပ်လှူမည်ဖြစ်ကာ နံနက် ၆ နာရီ မိနစ် ၃၀ တွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဘုရားအမှူးရှိသော သံဃာတော် ၆၄ ပါးအား ဆွမ်းဆန်တော်များ လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# ၂၀၂၅ ခုနှစ် အော်စကာဆု ဆန်ခါတင်စာရင်းတွင် မင်းသမီးကြီး ဒမ်မီမိုး ပထမဆုံးအကြိမ်ပါဝင်လာ

**နယူးယောက် ဇန်နဝါရီ ၂၉**

ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး ဒမ်မီမိုးသည် ၂၀၂၅ ခုနှစ် အော်စကာရုပ်ရှင်ဆုပေးပွဲ ဆန်ခါတင်စာရင်းတွင် ပထမဆုံးအကြိမ် ပါဝင်လာကြောင်း ဇန်နဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဒမ်မီမိုးသည် ဟောလိဝုဒ်ရုပ်ရှင်လောက၌ ကျင်လည်ခဲ့သော ၄၅ နှစ် ကြာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အော်စကာဆု ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့ခြင်းဖြစ်ပြီး Ghost အပါအဝင် ကမ္ဘာကျော်ဇာတ်ကားများအပြားတွင် ပါဝင်ခဲ့သော်လည်း အော်စကာဆုနှင့် ရွှေကမ္ဘာလုံးဆု ဆန်ခါတင်စာရင်းများတွင် ပါဝင်ခဲ့ဖူးခြင်းမရှိကြောင်း၊ သို့ရာတွင် ၎င်းသည် The Substance ဇာတ်ကားဖြင့် ယခုနှစ် ရွှေကမ္ဘာလုံးဆုပေးပွဲ၏ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို ရရှိခဲ့သည်။

The Substance ဇာတ်ကားသည် ယခုနှစ် အော်စကာဆုပေးပွဲ၏ အကောင်းဆုံး ရုပ်ရှင်ဆုနှင့် အကောင်းဆုံး ဒါရိုက်တာဆုအပါအဝင် ဆုပေါင်းငါးဆု၏ဆန်ခါတင်စာရင်းတွင် ပါဝင်လျက်ရှိပြီး အဆိုပါဇာတ်ကားသည် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ကော်ရယ်လီဖားဂတ်က တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ကတ်သီးကတ်ဖဲ့ရွာ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲနှင့် ဇာတ်လမ်းတွဲမိတ်ဆက်ပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

MTN Entertainment Video Production က ရိုက်ကူးထုတ်လုပ်မည့် ကတ်သီးကတ်ဖဲ့ရွာ ဇာတ်လမ်းတွဲကန်တော့ပွဲပေးပွဲနှင့် ဇာတ်လမ်းတွဲမိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အောင်မြေ၌ ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ကတ်သီးကတ်ဖဲ့ရွာ ဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို အောင်ချစ်နှင့် ရဲရင့်သစ္စာတို့က ရေးသားထားပြီး ဖိုးကျော်(သန်လျင်)နှင့် အောင်ချစ်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ရဲရင့်သစ္စာက MTN Entertainment Video Production အတွက် တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဇာတ်လမ်းတွဲကတော့ ကတ်သီးကတ်ဖဲ့ရွာဆိုတဲ့ အတိုင်းပေါ့။ ကျေးလက်ဟာသ ဇာတ်လမ်းလေးပါ။ ကိုကျော်ရဲအောင်က ကျွန်တော့်ရဲ့ဆရာဆိုလဲ မမှားပါဘူး။ လက်ဦးဆရာနဲ့အတူ ပြန်လည်ဆုံတွေ့ပြီး အနုပညာ လုပ်ခွင့်ရတာပါ။ ယုံကြည်စွာနဲ့ လက်တွဲပေးကြတဲ့ အနုပညာရှင်တွေ အကုန်လုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ကျေးလက်ဓလေ့နဲ့ ဟာသဇာတ်လေးမို့ ပရိသတ်တွေလဲ ကြိုက်နှစ်သက်လိမ့်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု သရုပ်ဆောင် မင်းသုနိုင်က ပြောပြသည်။



ကတ်သီးကတ်ဖဲ့ရွာ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းသုနိုင်၊ ကျော်ရဲအောင်၊ နေဆန်း၊ မင်းသူ၊ မိုးဒီ၊ ငှက်ပျော်ကြော်၊ မင်းညီ၊ အောင်ဖြိုးလင်း၊ ဇော်ဝိုင်း၊ မြတ်ကေသီအောင်၊ ရွှေပိုးအိမ်၊ ခင်မို့မို့အေး၊ နန်း၊ ဧည့်သည်သရုပ်ဆောင် မှုံနံ့သာကျော်ရဲအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။ ASH

# The Man with the Bag ဇာတ်ကား၌ မင်းသမီး အော်ကွာဖီနာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇန်နဝါရီ ၂၉**

မိသားစု ဖျော်ဖြေရေးဟာသ ဇာတ်ကားသစ်ဖြစ်သည့် The Man with the Bag ဇာတ်ကား၌ မင်းသမီး အော်ကွာဖီနာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

The Man with the Bag ဇာတ်ကားတွင် မင်းသမီး အော်ကွာဖီနာသည် မင်းသားကြီး အာနိုးရှဝါဇင်နက်ဂျာ၊ အယ်လန်ရစ်ဆန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား၌ မင်းသမီး အော်ကွာဖီနာ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်စရိုက်ကို မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် မှော်အိတ်ပျောက်ဆုံးသွားသည့် ခရစ္စမတ်ဘိုးဘိုးကြီး စန်တာကလော့က သူခိုးတစ်ဦး၏ အကူအညီဖြင့် မှော်အိတ်ပြန်ယူရန်ကြိုးပမ်းပုံကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ အဒမ်ရှန့်မန်းက Amazon MGM ကုမ္ပဏီအတွက် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူကြီးရောဂါဖြင့်ကွယ်လွန်

**ရန်ကုန် ဇန်နဝါရီ ၂၉**

အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ)သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် ဇန်နဝါရီ ၂၈ ရက် နံနက်အစောပိုင်းက ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၈၅ နှစ်ရှိပြီဖြစ်သည့် စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ) အမည်ရင်း ဦးခင်အေးသည် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပြီး အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုများအပြင် အမျိုးသား စာပေတစ်သက်တာ စာပေဆုကို ၂၀၁၃ ခုနှစ်တွင် ရရှိခဲ့သူဖြစ်ကာ မြန်မာစာပေဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ၂၀၀၂ ခုနှစ်တွင် ရရှိခဲ့ကြောင်း သိရသည်။

"ဆရာကြီးက ကျန်းမာရေး မကောင်းတာက ကြာပါပြီ။ အခုလို စာပေပညာရှင်ကြီး တစ်ယောက် ဆုံးပါးသွားတဲ့အတွက် အလွန် စိတ်မကောင်း ဖြစ်ရပါတယ်" ဟု မြန်မာနိုင်ငံ စာရေးဆရာ အသင်းအလုပ်အမှုဆောင် စာရေးဆရာ အောင်မြင့်(သစ်တော)က ပြောပြသည်။

ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)ကို ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ ကျုံတနီးကျေးရွာ၌ မွေးဖွားခဲ့ပြီး ဆရာကြီး၏ စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ စာအုပ်သည် ထင်ရှားသည့်စာအုပ်ဖြစ်ပြီး မြန်မာစာအတွက်ကျမ်းကိုးပြုရသော စာအုပ်အဖြစ်ထင်ရှားကြောင်း၊ မြန်မာစာပေနှင့် မြန်မာကဗျာအပါအဝင် မြန်မာစာအသုံးပြုပုံနှင့်ပတ်သက်၍ ရေးသားခဲ့သော အကြောင်းအရာများ၌ စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ၊ မြန်မာစကား၊ မြန်မာရုပ်ပုံလွှာ၊ စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း၊ စကားသမုဒ္ဒရာ-စာသမုဒ္ဒရာ စသည့်စာအုပ်များမှာ ထင်ရှားကြောင်း သိရသည်။ ASH

# Danubyu Township sees surge in straw mushroom shipments to Yangon, reaching 64,000 viss in December



Photo shows a straw mushroom farm.

**Danubyu January 29**

In the Ayeyarwady Region, Danubyu Township, local agricultural products, specifically straw mushrooms, were transported to the Yangon market. According to Daw Than Than Oo, an agricultural product trader from Danubyu Township, a total of 64,000 viss of straw mushrooms were sold and shipped during the month of December.

In November 2024, Danubyu Township was able to ship only 40,000 viss of straw mushrooms to the Yangon market. However, from December 1st to December 31st, the volume increased significantly to 64,000 viss.

"Currently, straw mushrooms are being produced in Danubyu Township. Agricultural products from Danubyu are frequently shipped to the Yangon market. In December alone, we shipped over 64,000 viss of mushrooms. Even now, in January, there is a high demand for mushrooms from buyers in Yangon. The demand has increased as more restaurants and hotels are using them. The mushroom buds are particularly popular. If we can tap into international markets, sales could improve even further," said Daw Than Than Oo.

The straw mushrooms produced in Danubyu Township are purchased by agricultural product traders, who then clean and inspect them systematically before shipping them in large quantities to Yangon. Local farmers typically cultivate these mushrooms in beds that are 30 feet long and 10 to 20 feet wide. The current market price for these straw mushrooms is around 20,000 viss.

Kyaw Kyaw Lin

# World Insights: Europe's angst and awakening

**Paris January 29**

When Donald Trump was sworn in for his second term as U.S. president earlier this month, Europeans were plunged into a collective sense of anxiety.

This anxiety stemmed not only from the new U.S. administration's potential impact on transatlantic relations but also from a deeper identity crisis among Europeans, exacerbated by a lack of strategic autonomy.

When the U.S. Republican Party nominated Trump as its presidential candidate in 2024, France's Prospective and Innovation Foundation held a geopolitical forum. During the event, a participant referenced the book "The Geopolitics of Emotion," which argues that three fundamental human emotions, namely fear, humiliation and hope, are reshaping the world.

According to the author, Asia embodies hope, many developing countries experience humiliation, and Europe stands as an example of fear.

In June 2021, then U.S. President Joe Biden attended the G7 summit in Cornwall, Britain, marking his first meeting with U.S. allies' leaders. During the summit, he declared, "America is back," to which French President Emmanuel Macron responded, "For how long?"

Europe has long feared the decline of its civilization, and the change of government in Washington has only intensified this anxiety.

In 2024, Macron delivered a significant speech on Europe's strategic autonomy, urging Europeans to be lucid and "recognize that our Europe is mortal. It can die. It all depends on the choices we make, and those choices need to be made now." Xinhua

# Bogale Township sells 65,000 viss of dried Swimbladder to Yangon Market in December

**Bogale January 29**

It has been reported that Bogale Township of Ayeyawady Region was able to sell up to 65,000 viss of dried Swimbladder to the Yangon market in December. According to Daw Khin Khin, the operator of the Bogale Township dried fish commodity centre, in November 2024, only 42,000 viss of dried Swimbladder were sold. However, in December, the sales reached 65,000 viss of dried Swimbladder.

"The dried Swimbladders are taken out from sea fish such as conger eel, Scarus ghobban and Crocker, which are carefully processed, and dried in a systematic manner. Dried Swimbladders are then shipped and sold, starting in the first week of October. Sales in the Yangon market have been increasing ever since, especially for the dried Swimbladders from Bogale Township and other regional products, which are mostly exported to the domestic market in Yangon. The process of shipping and selling has been smooth, and there have been no major difficulties," said Daw Khin Khin, the operator of the Bogale Township dried fish commodity centre.



A pile of dried Swimbladder.

The dried Swimbladders shipped from Bogale Township to the Yangon market from 1 to 30 November were sold at these prices: dried Swimbladders of conger eel: K25,000 per viss, Natgadaw fish K75,000 per viss, Scarus ghobban K35,000 to K37,000 per viss and Crocker K80,000 per viss, depending on the sizes and quality.

Kyaw Kyaw Lin

# 25 killed, 160 injured in Israeli attacks in southern Lebanon

**Beirut January 29**

The Lebanese Ministry of Health said on Tuesday that the death toll from three days of Israeli attacks in southern Lebanon has risen to 25, with 160 others wounded.

In a statement, the ministry's Public Health Emergency Operations Center reported that one person was killed and 26 others injured during the Israeli attacks on Monday.

The injured were spread across five villages in the eastern sector of southern Lebanon: Adaisseh, Bani Hayyan, Burj Al-Muluk, Houla, and Kafr Kila.

Since early Sunday, hundreds of Lebanese residents have gathered at the outskirts of their border villages, marching toward their homes by car and on foot, bypassing Lebanese army checkpoints and Israeli-imposed earth barriers.

However, Israeli forces opened fire on the returning civilians, further escalating tensions along the border.

These developments come despite the ongoing ceasefire agreement between Hezbollah and the Israeli military, which took effect on Nov. 27, 2024. Xinhua



This photo shows members of the Lebanese Civil Defense searching for citizens who were lost under the rubble of their homes in Kfar Shouba, Lebanon, on Jan. 27, 2025.

# 70,000 baskets of Thai Baygya paddy sold to Yangon market in December

**Nyaungdon January 29**

According to Daw Khaing Khaing Win, a rice and paddy trading business owner in Nyaungdon Township, a total of 70,000 baskets of Thai Baygya paddy were sold by merchants from Nyaungdon Township to the Yangon market in December 2024.

In comparison, only 40,000 baskets of the same paddy variety were sold during November 2024. Between 1 and 31 December, they also supplied 70,000 baskets to Yangon market.

"We managed to sell 70,000 baskets of Thai Baygya paddy last month. Most of the agricultural produce from Nyaungdon Township is sent to the Yangon market for sale. The Thai Baygya variety is a type of non-premium paddy. Due to high demand from the Yangon market, sold volumes of paddy have risen. Currently, paddy prices are also increasing. There is a strong demand for the paddy in the domestic market," said Daw Khaing Khaing Win.

It is reported that the price of Thai Baygya paddy sent to Yangon last month reached up to K1.79 million per 100 baskets. This variety is known for its high quality.

Kyaw Kyaw Lin

# Katha Township harvests more than 15,000 acres of winter sesame



Newly harvested winter sesame.

**Katha January 29**

Katha Township Agriculture Department stated that local farmers have harvested 15,729 acres of winter sesame in Katha Township of Sagaing Region.

Local farmers planted 25,258 acres of winter sesame this year. Local farmers started harvesting of crops in December 2024. So far, they have harvested 15,729 acres of crops, yielding 13.88 baskets of sesame per acre.

U Ko Lay, Head of Katha Township Agriculture Department, said: "Farmers planted 25,258 acres of winter sesame in Katha Township this year. Now, farmers are harvesting the crops. So far, 15,729 acres of crops has been harvested in the township. They expanded sown acreage of sesame this year. They prefer to grow sesame in winter more than monsoon. The oil crop plantations are successfully thriving in the township."

Officials of the Township Agriculture Department raised farmer awareness for expansion of sown acreage of sesame, use of GAP and correct agricultural techniques, and cultivation of quality strains of crops to boost per-acre yield of crops.

The crops planted in GAP system can have higher quality than other crops, fetching good prices in the markets at home and abroad. Hence, the farmers who use GAP system can earn increased incomes and improve their socioeconomic life.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yinmabin District completes cultivation of more than 80,000 acres of sunflower

**Yinmabin January 29**

A total of 83,682 acres of sunflower has been planted as cold season crops in Yinmabin Township of Sagaing Region, according to the Yinmabin District Agriculture Department.

Local authorities set a plan to cultivate 83,650 acres of sunflower in the district but farmers could grow 83,682 acres of crops, exceeding the target cultivation in 2024-25 cold season.

Daw Myat Moe Win, Head of Yinmabin District Agriculture Department disclosed: "This cold season, we earmarked cultivation of 83,650 acres of winter sunflower in the district. But, farmers have planted 83,682 acres of crops, exceeding the target cultivation. Cultivation of sunflower aims to reduce import of palm oil from abroad. Oil yield of sunflower is larger than groundnut and sesame. The majority of farmers grow sunflower in winter."

In Yinmabin District, local farmers planted 18,561 acres of sunflower in Yinmabin Township, 16,897 acres in Kani Township, 17,242 acres in Salingyi Township and 30,982 acres in Pale Township, totalling 83,682 acres.

In 2024-25 cold season, Yinmabin Township earmarked cultivation of 18,596 acres of sunflower, Kani Township 17,242 acres, Salingyi Township 16,830 acres and Pale Township, 30,982 acres, totalling 83,650 acres.



A sunflower plantation.

Officials of the relevant township Agriculture Department conduct training for local farmers and agricultural staff to enhance their capacity so as to grow sunflower successfully.

This year, officials of the relevant departments arrange distribution of quality seeds of crops, and sale of urea fertilizers at fair prices for local farmers with a plan to exchange of quality seeds among farmers.

206

# More than 14,000 acres of winter peanut planted in Budalin Township

**Budalin January 29**

According to the statistics of Budalin Township Agriculture Department, local farmers have planted 14,155 acres of winter peanut in Budalin Township of Sagaing Region.

In 2024-25 cold season, township authorities earmarked 14,100 acres of winter peanut but farmers have so far planted 14,155 acres of crops exceeding the target cultivation.

U Phyo Wai, Head of Budalin Township Agriculture Department explained: "Local farmers cultivated 14,155 acres of winter peanut, with 55 exceeded acres of peanut rather than 14,100 acres of earmarked peanut this cold season. They increased sown acreage of crops, Peanut plantations are thriving in the township."

Farmers use 1.5 baskets of peanut seeds per acre in Budalin Township, costing more than K200,000 per acre for quality seeds, labour charge and fertilizers and pests. The crops yields more than 50 baskets per acre.

This year, officials of the Township Agriculture Department made field trips to inspect peanut plantations whether these are thriving or not, prevent pests and weed plantations.

206



A peanut plantation.

# Corn trading booming in Kyonpyaw Township

**Kyonpyaw January 29**

Trading of corns produced in Kyonpyaw Township of Ayeyawady Region is booming in the regions, said Daw Su Su Khaing, the owner of agricultural produce wholesale trading in Kyonpyaw Township.

Starting from the second week of January 2025, corns are being harvested in Kyonpyaw Township. At present, the crops are marketable in the region, trading some 11,000 pieces of corns per day.

Daw Su Su Khaing explained: "Now, trading of corns is higher than the previous year. Local farmers are harvesting corns. Thanks to booming trade of crops, local farmers and those in production chains are conveniently in their livelihoods. Moreover, merchants send corns to Yangon market."

Entrepreneurs from agricultural produce trading in Kyonpyaw Township purchase corns from local farmers and send them to Yangon market by truck. The domestic corps are free from pests. Now, the corns fetch K45,000 to K65,000 per 100 pieces of crops at Yangon market.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ကနေဒါနိုင်ငံက ကမ္ဘာ့ပထမဆုံးအမြင့်ပျံမိုးပျံပူဖောင်းမှပစ်လွှတ်နိုင်သည့်ဒရုန်းကို စမ်းသပ်ပျံသန်းမှုပြုလုပ်နိုင်ခဲ့




ကနေဒါနိုင်ငံ Landing Zones ကုမ္ပဏီသည် ကမ္ဘာ့ပထမဆုံး အမြင့်ပျံမိုးပျံပူဖောင်းမှပစ်လွှတ်နိုင်သည့် ဒရုန်းကို စမ်းသပ်ပျံသန်းမှု ပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပြင်းအထန်စမ်းသပ်လုပ်ဆောင်မှုများနှင့် ဆိုးရွားသောရာသီဥတုအခြေအနေများအောက်တွင် စွမ်းဆောင်ရည်သရုပ်ပြသမှုများပါဝင်နေသည့် အဆင့်မြင့် Payload သယ်ဆောင်ရေးစနစ်တစ်နည်းအားဖြင့် Eagle အမြင့်ပျံမိုးပျံပူဖောင်း-ဒရုန်းစနစ်အတွက် ဖွံ့ဖြိုးတိုးတက်မှု အောင်မြင်စွာပြုလုပ်ဆောင်ရွက်နိုင်ခဲ့ခြင်းအမှတ်အသားပင်ဖြစ်သည်။

Eagle အမြင့်ပျံမိုးပျံပူဖောင်း-ဒရုန်းစနစ်သည် ထောက်လှမ်းခြင်း၊ ထောက်လှမ်းရေးအချက်အလက်များ စုဆောင်းခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် တိကျသောတိုက်ခိုက်မှုများကဲ့သို့သော တာဝေးပျံသန်းတိုက်ခိုက်ရေး စစ်နည်းဗျူဟာနှင့် စစ်ဆင်ရေးလိုအပ်ချက်များအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းသည် အလိုအလျောက်အပြည့်အဝလုပ်ဆောင်နိုင်စွမ်းရှိပြီး အော်ပရေတာ၏ ထိန်းကျောင်းမှုဖြင့်(Man-in-the-loop) လည်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။

Eagle အမြင့်ပျံမိုးပျံပူဖောင်း-ဒရုန်းစနစ်နှင့်အတူ ကျွန်ုပ်တို့သည် စစ်ဘက်ဒရုန်းနည်းပညာအတွက် စံသတ်မှတ်ချက်အသစ်တစ်ခုကို သတ်မှတ်ပေးနိုင်ခဲ့ပြီ; ၎င်း၏ ပြောင်းလဲတပ်ဆင်နိုင်သော တောင်ပံဒီဇိုင်း၊ အသံထက်မြန်သည့်စူပါဆောနစ်အလျင်နှုန်းများထိ ပျံသန်းနိုင်ခြင်းများဖြင့် Payloads အမျိုးမျိုးများ သယ်ဆောင်ကာ ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ဂြိုဟ်တုစနစ်များ ရှိသည့် ပတ်ဝန်းကျင်အခြေအနေများတွင် လုပ်ဆောင်နိုင်မှုနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ စစ်ဆင်ရေးများအတွက် အလုည့်အပြောင်းတစ်ရပ်အဖြစ် နေရာယူလာလိမ့်မည်ဖြစ်သည်ဟု Landing Zones ကုမ္ပဏီတည်ထောင်သူနှင့် CEO ဖြစ်သူ Spence Fraser က ပြောကြားခဲ့သည်။

အဆိုပါစနစ်၏ ကိုယ်ပျောက်ဝိသေသလက္ခဏာများသည် ရန်သူ့လေပိုင်နက်အတွင်း ရှင်သန်ရပ်တည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ ၎င်းတွင် မစ်ရှင်လိုအပ်ချက်များပေါ်မူတည်၍ အသံထက်မြန်သောစူပါဆောနစ်အလျင်နှုန်းမှ အနှေးပျံဝဲသောအဆင့်ထိ လွယ်ကူစွာ ကူးပြောင်း လုပ်ဆောင်နိုင်ရန်အတွက် ပြောင်းလဲနိုင်သော တောင်ပံတစ်ခုပါရှိသည်။ အဆိုပါစနစ်သည် ကမ္ဘာ့မြေမျက်နှာပြင်အထက် ကီလိုမီတာ ၅၀ ကျော်အကွာတွင်ရှိသော စထရာတိုစဖီးယားလေထုအလွှာအမြင့်၌ ပျံသန်းနိုင်စွမ်းရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ Landing Zones ကုမ္ပဏီ၏အဆိုအရ Eagle စနစ်သည် အလျင်နှုန်းနှင့် လေထဲတွင် ကြာမြင့်စွာပျံသန်းနေနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။ သို့သော်လည်း နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားထားခြင်း မရှိသေးပေ။ ဖွံ့ဖြိုးတိုးတက်မှုနှင့် မကြာသေးမီက စမ်းသပ်ပျံသန်းမှုလုပ်ဆောင်နိုင်ခဲ့ခြင်းဖြင့် Eagle ၏ ကမ္ဘာ့ရှေ့ဆောင် အဆင့်မီစွမ်းဆောင်ရည်များကို အတည်ပြုနိုင်ခဲ့ပြီး လက်တွေ့ကမ္ဘာ၏ ပြင်းထန်သောအခြေအနေများတွင် ၎င်းစနစ်၏ ကြံ့ခိုင်၊ အကြမ်းခံမှုနှင့် လိုက်လျောညီထွေရှိမှုတို့ကို ပြသနိုင်ခဲ့သည်ဟု Alberta အခြေစိုက် Landing Zones ကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Canadian Firm Develops World's First Balloon-Launched High-Alt Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## Red Cat Holdings ကုမ္ပဏီက အမေရိကန်ကြည်းတပ်အတွက် Edge 130 Blue ဒရုန်း ၁၂ စင်းပံ့ပိုးပေးရန် စာချုပ်ချုပ်ဆိုခဲ့



အမေရိကန်နိုင်ငံ Red Cat Holdings ကုမ္ပဏီသည် ကြည်းတပ်၊ အမျိုးသားအစောင့်တပ်နှင့် အစိုးရအေဂျင်စီတစ်ခုအတွက် ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သည့်(VTOL)ဒရုန်းအမျိုးအစား Edge 130 Blue ဒရုန်း ၁၂ စင်း ပံ့ပိုးပေးရန် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစိုးရအေဂျင်စီကိုမူ အမည်နာမအတိအကျ ထုတ်ဖော်ပြောကြားထားခြင်းမျိုးမရှိပေ။ အမှာစာတွင် Edge 130 Blue ဒရုန်း ၁၂ စင်းသည် အမေရိကန်ဒေါ်လာ ၅၁၈၀၀၀ တန်ဖိုးရှိကြောင်း သိရသည်။ ထုတ်လုပ်နိုင်စွမ်းတိုးမြှင့်၍ Edge 130 Blue ဒရုန်းများ၏ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်စွမ်း မြင့်မားကောင်းမွန်စွာနှင့် အောင်မြင်မှုများ ရရှိစေရန် အကောင်းဆုံးနည်းပညာများဖြင့် ပံ့ပိုးကူညီခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု Red Cat Holdings ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Jeff Thompson က ပြောကြားခဲ့သည်။

Edge 130 Blue ဒရုန်းသည် တာဝေးမြေပုံတိုင်းတာရေး၊ စစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းမစ်ရှင်များအတွက် ဒီဇိုင်းထုတ်ထားသည့် စစ်ဘက်အဆင့်သုံး ထရိုင်ကော်ပတာ (Tricopter) ဒရုန်းအမျိုးအစားလည်းဖြစ်သည်။ စနစ်တွင် AI မောင်းနှင်သော ထောက်လှမ်းရေးစနစ်ပါဝင်ပြီး တာလတ်အကွာအဝေးအတွင်း အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်စွမ်းဖြင့် ကောင်းကင်ဓာတ်ပုံများကို အရည်အသွေးမြင့်မားစွာနှင့် တိကျစွာရိုက်ကူးထောက်လှမ်းနိုင်စွမ်းရှိသည်။ အော်ပရေတာတစ်ဦးတည်းဖြင့် ဒရုန်းကို မည်သည့်အကူအညီမျှမလိုအပ်ဘဲ လက်ဖြင့် တစ်မိနစ်အတွင်း တပ်ဆင်ပစ်လွှတ်နိုင်သည်။ ဒရုန်းသည် အလေးချိန် ၂ ဒသမ ၆၅ ပေါင်ရှိပြီး Forward mode တွင် လေထဲ၌ တစ်နာရီကြာ ပျံသန်းနိုင်စွမ်းရှိသည်။ ၎င်းသည် အမြင့်ပေ ၁၂၀၀၀ နှင့် ပုံမှန်အလျင်နှုန်း တစ်နာရီလျှင် ၆၅ မိုင်ဖြင့် ပျံသန်းစစ်ဆင်နိုင်သည်။

အဆင့်မြင့် Autopilot နည်းပညာပါရှိသော အဆိုပါကင်းထောက်ဒရုန်းစနစ်သည် သုံးစွဲသူအော်ပရေတာများအတွက် မစ်ရှင်များကို ကြိုတင်အစီအစဉ်ရေးဆွဲပြီး ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ဒရုန်းသည် Multi-Rotor နှင့် Fixed-Wing ပျံသန်းမှု Flight modes များတွင် Manual ထည့်သွင်းရန်မလိုဘဲ သီးသန့် Thrust-Vector ထိန်းချုပ်မှုဖြင့် ကူးပြောင်းလုပ်ဆောင်နိုင်သည်။ ၎င်းတွင် အသုံးပြုသူများကို စိတ်ကြိုက်မစ်ရှင်များ ဖန်တီးကာ အချိန်နှင့်တစ်ပြေးညီ ဒရုန်းပျံသန်းမှုအချက်အလက်နှင့် ၎င်းတို့၏ အဖွဲ့နှင့် တိုက်ရိုက်ဗီဒီယိုထုတ်လွှင့်ပေးပို့နိုင်မည်ဖြစ်ပြီး ကြိုတင်ပရိုဂရမ်ရေးဆွဲထားသော မြေပုံတိုင်းတာရေးနှင့် ရည်မှန်းချက်တာဝန်များ ရွေးချယ်လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

Edge 130 Blue ဒရုန်းသည် Puerto Rico အခြေစိုက်ကုမ္ပဏီက မကြာသေးမီက စတင်ထုတ်လုပ်ခဲ့သည့် ဒရုန်းအမျိုးအစားသစ်တစ်မျိုးဖြစ်သည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် Red Cat Holdings ကုမ္ပဏီသည် တော်ဝင်သြစတြေးလျရေတပ်အတွက် Edge 130 Blue ဒရုန်း ၁၂ စင်း ရောင်းချပေးရန် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ထိုလအစောပိုင်း၌ပင် အဆိုပါကုမ္ပဏီသည် အမေရိကန်ကြည်းတပ်အတွက် Edge 130 Blue ဒရုန်းများ ပံ့ပိုးပေးရန် အမေရိကန်ဒေါ်လာ တစ်သန်းတန်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

**Red Cat to Supply 12 More Edge 130 Blue VTOL Drones to US ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးမြွေထိုးများ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးမြွေထိုးများ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးများကို ဝယ်ယူပြီး စနစ်တကျထုတ်ပိုးကာ တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ငါးမြွေထိုး ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက် ထိ ငါးမြွေထိုး ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးမြွေထိုးတွေကို မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ငါးမြွေထိုး ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးတွေ မှာယူမှုများလာလို့ ဝယ်လိုအား ကောင်းခဲ့တာပါ။ ငါးမြွေထိုးတွေ တင်ပို့အားကောင်းလာတော့ ရေထွက်ကုန်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ် " ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ငါးမြွေထိုးများ ပိုမိုတင်ပို့ ရောင်းချလာရခြင်းကြောင့် ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၃၀၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၃၀၉၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၉၀ နှင့် ဖူးစားပြောင်း ဧက ၃၂၄၀ စုစုပေါင်း ဧက ၃၃၃၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၈၅ ဧကနှင့် ဖူးစားပြောင်း ၃၀၀၅ ဧက စုစုပေါင်း ဧက ၃၀၉၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၃၃၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၉၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်



တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် စရံအိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စရံအိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စရံအိုင့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၃၃ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ် ၄၃ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၇၇ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

သူသူ(နတ်မောက်)




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဖီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၁၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပင်းတယမြို့ရှိ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများတည်ဆောက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုအားပေး



နေပြည်တော် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ Forever Yay Wati ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ Forever Yay Wati ကုမ္ပဏီမှ Project Director ဦးသိန်းထွန်းအောင်က ပင်းတယဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကိုအခြေခံသော ရုပ်ရှင်နှင့် ရုပ်မြင်သံကြားရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများတည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်အနုပညာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုစီမံကိန်းသည် ရုပ်ရှင်အဆင့်အတန်းမြင့်မားလာရေးနှင့် ရုပ်ရှင်မှတစ်ဆင့် ဒေသစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လုပ်ဆောင်သည့် စီမံကိန်းဖြစ်သဖြင့် ကောင်းမွန်သည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်မြို့တော်ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို နိုင်ငံတော်အစိုးရက လိုအပ်သည့် မြေနေရာများ ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အပြောလွယ်သလောက်လုပ်ဆောင်ရသည်မှာ ခက်ခဲပါကြောင်း၊ ယခုအကောင်အထည်ဖော်သည့် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံရသည့် ပမာဏများပြားလွန်းသဖြင့် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ဤစီမံကိန်းအောင်မြင်ပါက ပင်းတယဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရုံသာမက ခရီးသွားလုပ်ငန်းများကိုပါ တွဲဆက်လုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် မိမိတို့အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအောင်မြင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်းရှိ မြေနေရာများတွင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်တွင် ယခုကဲ့သို့စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက်မိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ တတ်နိုင်သမျှကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် Forever Yay Wati ကုမ္ပဏီက ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စတူဒီယိုများ၊ နားနေဆောင်များ၊ ရိုက်ကူးရေးသုံးအဆောက်အအုံများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် MRTV DTH စလောင်း အစုံ ၂၀ နှင့် DVB T2 Set top box အလုံး ၅၀ ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းထံ ပေးအပ်သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းလုပ်ငန်းများကိုကြည့်ရှုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၈-၅-၂၀၂၃ ရက်က ရောက်ရှိဖူးမြော်စဉ် လမ်းညွှန်မှာကြားချက်အရ စေတီတော်မြတ်ကြီး မိုးရေယိုစိမ့်မှုပြင်ဆင်ခြင်းလုပ်ငန်းကို ၂၅-၃-၂၀၂၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်တွင်လည်းကောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၂၄-၁၂-၂၀၂၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၅-၃-၂၀၂၄ ရက်တွင်လည်းကောင်း၊ စေတီတော်မြတ်ကြီး အတွင်း၊အပြင် ဆေးသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် စေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ၁၂-၄-၂၀၂၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်တွင်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တည်ဆောက်ရေးလုပ်ငန်းခွင်ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) ဆန်စက်ဝင်းအတွင်း၌ တည်ဆောက်နေသည့် Myanmar Rice Bran Oil Co.,Ltd ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း လီမိတက် (MAPCO) ရုံးခန်းအတွင်း၌ တာဝန်ရှိသူများက ဖွဲနုဆီစက်တည်ဆောက်ရေးလုပ်ငန်းများ၊ တည်ဆောက်ပြီးစီးပါက လုပ်ငန်းလည်ပတ်မည့်အခြေအနေများ၊ ဆီထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ကုန်ကြမ်းများ လုံလောက်စွာရရှိရေး၊ ပြည်တွင်း၌ စားသုံးဆီဖူလုံရေးနှင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာအောင်လက်မှတ်အပ်နှင်း

**နေပြည်တော် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) နဝမအကြိမ် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ်မွေးမြူရေးဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ရွှေရောင်ခြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ ပညာသင်ကာလတစ်လျှောက် စာတွေ့၊လက်တွေ့လေ့လာသင်ယူခဲ့ကြသည့် စိုက်ပျိုးမွေးမြူရေး ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးချသွားကြရန်၊ပုဂ္ဂလိကလုပ်ငန်းများနှင့် မိမိကိုယ်ပိုင်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သွားရန် ရည်ရွယ်ချက်ရှိပါကလည်း သက်ဆိုင်ရာလုပ်ငန်းခွင်အလိုက် တိုးတက်အောင်မြင်အောင်ကြိုးပမ်းပြီး နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့်လယ်ယာကုန်ထုတ်လုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) နှင့်(ရွှေဘို)ကျောင်းများတွင် ပထမနှစ်မှ တတိယနှစ်ထိတန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး ဧည့်သည်တော်များ၊ ကျောင်းဆင်းမောင်မယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆင်းမောင်မယ်များကို စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာအောင်လက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက်ကြသည်။

မောင်မယ်သစ်လွင် ကြိုဆိုပွဲများတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးမွေးမြူရေးပညာရှင် လူ့အရင်းအမြစ်တိုးပွားရေးလိုအပ်ချက်ကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် အောက်မြန်မာပြည်တွင်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် တစ်တပ်တစ်အားပါဝင်စွမ်းဆောင်နိုင်ကြစေရေး အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) အပါအဝင် တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်းမှ နှစ်စဉ်နိုင်ငံတော်အတွက် လိုအပ်သော အလယ်အလတ်အဆင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိရာ ယနေ့ထိ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရ ၂၆၃၃၄ ဦးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရ ၄၆၅ ဦး စုစုပေါင်း ၂၆၈၇၉ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိတ္ထီလာခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စမုံရေထုတ်ပြွန်ပြန်လည်ပြင်ဆင်နေမှုများကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် တဘက္ကာကျေးရွာရှိ စီပင်စိုက်ပျိုးရေးသုတေသနခြံတွင် နေကြာမျိုးသန့်စိုက်ပျိုးထားရှိသည့် ဆင်းရွှေကြာ-၂ ဧက ၄၀ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းသည့် နေကြာမျိုးကောင်းမျိုးသန့်များ ပိုမိုစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအကြံပြုဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မိတ္ထီလာ တောင်ကန်ဥယျာဉ်မြောင်းရေသောက်စနစ်အတွင်း နွေစပါးဧက ၅၀ နှင့် နွေနှမ်းဧက ၅၀ စိုက်ပျိုးမည့်နေရာ၌ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် အမှတ်(၂၅) စက်မှုလယ်ယာစခန်း တာဝန်ရှိသူများ၏ ပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိတ္ထီလာ မြောက်ကန်ရေသောက်စနစ် ကောက်ကွေ့တောမြောင်းတွင် နွေနှမ်းဧက ၁၀၀ စိုက်ပျိုးမည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး အပင်ဖြစ်ထွန်းကောင်းမွန်ရေးအတွက် လိုအပ်သောသွင်းအားစုများနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးစသည့် လယ်ယာကဏ္ဍဆိုင်ရာ ကွင်းဆက်တစ်လျှောက်၌ သက်ဆိုင်ရာဦးစီးဌာနများက တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ မွေးမြူရေးကဏ္ဍဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထူးအားထည့်လုပ်ဆောင်ကြရန်ဆွေးနွေးမှာကြားသည်။




ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စမုံရေငုပ်ပြွန်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စမုံချောင်းရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့် စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ ရေသောက်ဧရိယာ ဧက ၂၀၀၀၀ ကျော်ခန့်ကို ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင်ရေပေးဝေရန်အတွက် ယာယီရေပေးမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ကိရိယာယာဉ်ယန္တရားများလုံလောက်မှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ ဆက်လက်ဆောင်ရွက်





တပ်မတော်တွင် အဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၉**

တပ်မတော်တွင် အဋ္ဌမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးညီညီနှင့် အသည်းအလှူရှင် ဦးထွန်းထွန်းလင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့်ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့်အသည်းလက်ခံလူနာများ၏ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု၊ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန
(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန
(https://www.moi.gov.mm)

၄။ Myawady Webportal
(https://myawady.net.mm)

၅။ Myanmar National Portal
(https://myanmar.gov.mm)

# နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ကျောင်းသားမိဘများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာ၊ မြန်မာ့သိုင်း၊ ပန်းဖွားအကဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကျောင်းခန်းမ၌ "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းမှူးက ဂုဏ်ပြုအားပေးစကား ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တေးသီချင်းများ၊တိုင်းရင်းသားရိုးရာအကများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ တီထွင်ပြုလုပ်ထားသော စက်မှု၊ လက်မှုလက်ရာများ၊ သင်ထောက်ကူပစ္စည်းပြခန်းများနှင့် သိပ္ပံပြခန်းများတွင် လက်တွေ့ပြသနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**ရှေ့ဖုံးမှအဆက်**

မျက်စိလူနာ ခြောက်ဦး၊ ခတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ခတ်ခွဲစမ်းသပ်လူနာ ၄၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ သုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"မျက်စိလည်းမကောင်းဘူး။ သွားတွေလည်းမကောင်းဘူး။ အဲ့ဒါနဲ့ လာပြတာပါ။ ဆရာဝန်တွေက အခမဲ့ဆေးလာကုပေးမယ်ဆိုတော့ဝမ်းသာတာပေါ့။ လာမယ်ဆိုပြီး သတင်းကြားလိုက်ကတည်းက ပြမယ်ဆိုပြီးလုပ်နေတာပါ။ အခု အစစအရာရာအဆင်ပြေပါတယ်။ ကိုယ့်ရပ်ရွာနဲ့ နီးနီးနားနား လာကုတော့ကုန်းကြောင်းလာလို့ရတယ်။ အိမ်တိုင်ရာရောက် လာရောက်ကုသပေးလို့ အားလုံးရဲ့ကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်"ဟုပြောပြသည်။

"လေဖြတ်တဲ့အတွက်ကြောင့် အကြောတွေတက်တယ်၊ အကြောတွေဆိုင်းတယ်၊ မျက်လုံးတွေမှုန်တာ သုံးနှစ်၊ လေးနှစ်လောက်ဖြစ်နေတာ ဘာမှမလုပ်နိုင်ဘူး။ အပြင်ဆေးခန်းမှာတစ်လတစ်ခါပြနေရပါတယ်။ အပြင်မှာပြရင်ပိုက်ဆံလည်းတော်တော်ပေးရပါတယ်။ ဒီမှာလာပြတော့ အခကြေးငွေမပေးရတော့အရမ်းအဆင်ပြေပါတယ်။ အခက်အခဲအနေနဲ့ကတော့ မထနိုင်၊ မစားနိုင်ဖြစ်နေတာပါ။ အခုလိုအခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆရာဝန်၊ ဆရာမများကို အထူးပဲကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲများကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်"ဟု ပြောပြသည်။ (၅၀၁)



တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။





# ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၀

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည့် ဘယ်လာရုစ်သမ္မတရွေးကောက်ပွဲသို့ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့အဖြစ် သွားရောက်လေ့လာခဲ့ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဦးမြင့်သိန်းတို့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၅ရက်ထိ ပြုလုပ်သည့် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များဆောင်ရွက်နေမှုကို လေ့လာခဲ့ပြီး ဇန်နဝါရီ ၂၄ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mr. Igor Karpenko နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုသတင်းအချက်အလက်နှင့် လေ့လာစောင့်ကြည့်ရေးစင်တာဖွင့်ပွဲနှင့် ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည့်သတင်းစာရှင်းလင်းပွဲများသို့ တက်ရောက်ခဲ့ပြီး ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ သွားရောက်၍ မဲပေးခြင်းလုပ်ငန်းစဉ်များစောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၄၈၆ ဦး တက်ရောက်လေ့လာခဲ့ကြပြီး ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ H.E. Mr. Aleksandr Lukashenko က ခိုင်လုံမဲ ၈၆ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် ကော်မရှင်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် မြန်မာလေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကို ချီးမြှင့်ငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၀

ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မော်ကွန်းဝင်တတိယအဆင့် တပ်သားချစ်လှ(အငြိမ်းစား) အသက် ၁၀၃ နှစ်ကို ချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သားချစ်လှ(အငြိမ်းစား)ကို ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ချီးမြှင့်ငွေကျပ် ၅၀၀၀၀၊ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ချီးမြှင့်ငွေကျပ် ၅၀၀၀၀ နှင့် ပေါင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ချီးမြှင့်ငွေကျပ် ၅၀၀၀၀ စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်းနှင့် နှစ်စဉ် ဆက်လက်၍ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လျှပ်စစ်မီတာခ သက်သာဖို့

LED ပစ္စည်း သုံးကြစို့။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၉၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၄၁၀၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၈၀ | ၂၉၄၅ | ၂၈၈၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၀ | ၂၇၈၃ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်



**ဘားအံ ဇန်နဝါရီ ၂၉**

၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဘားအံကျန့်တိတ်ဗုဒ္ဓဘာသာဘုရားကျောင်း၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

ဦးစွာ နှစ်သစ်ကူးမင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ဘုံကျောင်းတာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး တရုတ်ရိုးရာနှစ်သစ်ကူးပဝါများဖြင့် ဂါရဝပြုကြကာ ဘားအံကျန့်တိတ်ဗုဒ္ဓဘာသာဘုံကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် နတ်မင်းအပေါင်းတို့အား နှစ်သစ်မင်္ဂလာစုပေါင်းကန်တော့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံကျန့်တိတ်ဘုံကျောင်း မင်္ဂလာနဂါးခိုင်းကွမ်းမင်္ဂလာပြုလုပ်ခြင်းကို ကြည့်ရှုအားပေးခဲ့ကြပြီး တရုတ်ရိုးရာနဂါးအကအလှနှင့် ခြင်္သေ့အကအလှတို့ဖြင့် စွမ်းရည်ပြသဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက နှစ်သစ်ကူးအံ့ပေါင်းများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျန့်တိတ်ဘုံကျောင်းအတွက် ငွေကျပ် ၁၀ သိန်းနှင့် နှစ်သစ်ကူးအထိမ်းအမှတ်လက်ဆောင်များကို ဘုံကျောင်းတာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်ရာ ဘုံကျောင်းတာဝန်ရှိသူများက နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုသွားရောက်ကြည့်ရှု၍ လူနာများကို အားပေးစကားပြောကြား

**တောင်ကြီး ဇန်နဝါရီ ၂၉**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကုသရေးဦးစီးဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၏ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုကို ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်ထိ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံခုတင်(၅၀၀)၌ ကုသပေးနေကြောင်း သိရသည်။

အဆိုပါတောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံခုတင်(၅၀၀)၌ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ၁၁ ဦးက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသပေးနေမှုကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီခွဲက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်၍ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကုသမည့်ကလေးလူနာများကိုကြည့်ရှုအားပေးစကားပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ခွဲစိတ်ကုသမှုအတွက် ချီးမြှင့်ငွေပေးအပ်ရာ စဝ်စံထွန်းဆေးရုံကြီးမှတာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခွဲစိတ်ကုသဆောင်သို့သွားရောက်၍ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးလူနာများအား ခွဲစိတ်ကုသပေးနေမှုကိုကြည့်ရှုကြသည်။

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၊ သွားနှင့်ခံတွင်းကုသပေးမည့် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများမှာ ကုသရေးဦးစီးဌာန၊သွားကျန်းမာကုသရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး လှိုင်လင်ပြည်သူ့ဆေးရုံ၊ မော်လမြိုင်ပြည်သူ့ဆေးရုံ၊ နေပြည်တော်ပြည်သူ့ဆေးရုံ၊ ဂျပန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း ဇန်နဝါရီ ၂၇ ရက်တွင် လာရောက်ခွဲစိတ်ကုသမှု လူနာ ၁၆ ဦးရှိကြောင်းနှင့် သွားနှင့်ခံတွင်းခွဲစိတ်ကုသသည့် လူနာများကို ဇန်နဝါရီ ၃၁ ရက်တွင် အံကပ်များတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းဖွင့်လှစ်သော Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ဟားခါး ဇန်နဝါရီ ၂၉**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် in person ဖြင့် သင်တန်းတက်ရောက်သည့် ဆရာ၊ဆရာမများ တက်ရောက်ကြသည်။




ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က လူ့အဖွဲ့အစည်းအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အခြေခံအုတ်မြစ်သည်ပညာရေးပင်ဖြစ်ပါကြောင်း၊ ယနေ့ကာလတွင် နိုင်ငံအသီးသီးက တိုးတက်နေသော လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံပညာရပ်နယ်ပယ်တို့နှင့်အညီ လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေသည် အဓိကအားဖြင့် ပြည်သူများအတွက်သာဖြစ်ပါကြောင်း၊ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူလူငယ်များသည် ပြည်သူများပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို ဥပဒေများလေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ဥပဒေအရာရှိ ဦးအောင်ကိုမြတ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က လည်းကောင်း၊ သင်တန်းတက်ရောက်ခဲ့ကြသည့် ဆရာ၊ ဆရာမများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုငွေများကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက လည်းကောင်း၊ သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များကို ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်ကလည်းကောင်းပေးအပ်ချီးမြှင့်ကြပြီး သင်တန်းတက်ရောက်နေကြသည့် ဆရာ၊ ဆရာမများကိုယ်စားဆရာတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမများကို အားပေးစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ဆရာ၊ ဆရာမ ဦးရေ ၃၀ က in person ဖြင့်လည်းကောင်း၊ ၅၂ ဦးက Online Zoom Application ဖြင့်လည်းကောင်း စုစုပေါင်း ၈၂ ဦး တက်ရောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(ခရိုင်ပြန်/ဆက် )**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လှည့်လည်ကြည့်ရှု



စစ်တွေ ဇန်နဝါရီ ၂၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗုဒ္ဓေါမော်ကျောင်းတိုက်ရှိ တောင်ဘက်ကပ်ကျော် ရန်ပြေမာန်ပြေကိုးနဝင်းဓာတုစေတီအား ဖူးမြော်ကြည်ညိုပြီးပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ကို တောင်ဘက်ကပ်ကျော် ရန်ပြေမာန်ပြေ ကိုးနဝင်းဓာတုစေတီအား သာသနိကအဆောက်အအုံများ ရေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး စေတီတော်နှင့် သာသနိကအဆောက်အအုံများ ပြုပြင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဗုဒ္ဓေါမော်ကျောင်းတိုက်ဆရာတော်က စေတီတော်နှင့်ပတ်သက်၍ လိုအပ်သည်များကို မိန့်ကြားရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိဇ္ဇရပ်ကွက်ရှိ အရှေ့ဘက်ကပ်ကျော် ရန်ပြေမာန်ပြေ ကိုးနဝင်းဓာတုစေတီသို့သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား အရှေ့ဘက်ကပ်ကျော် ရန်ပြေမာန်ပြေ ကိုးနဝင်းဓာတုစေတီအား သာသနိကအဆောက်အအုံများ ရေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိဇ္ဇရပ်ကွက်ရှိ မိဇ္ဇနတ်စင်အား ရေးမူမပျက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိဇ္ဇနတ်စင်တွင် ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ပြီး နတ်စင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုန်းတပင်ရပ်ကွက်ရှိ မြောက်ဘက်ကပ်ကျော် ရန်ပြေမာန်ပြေကိုးနဝင်း ဓာတုစေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ကို မြောက်ဘက်ကပ်ကျော် ရန်ပြေမာန်ပြေကိုးနဝင်း ဓာတုစေတီအား သာသနိကအဆောက်အအုံများ ရေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး စေတီတော်နှင့် သာသနိကအဆောက်အအုံများ ပြုပြင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂြစ်ဘက်ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသိမ်တော်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ သိမ်တော်အား ရေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂြစ်ဘက်ကျောင်းတိုက်ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းကျောင်းတော်ကြီးကို ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့်ပတ်သက်၍ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

☆ ကျောဖုံးမှအဆက်

Idiots FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ခိုင်မြဲသစ္စာအသင်းက ကိုးဂိုး သုံးဂိုးဖြင့် လည်းကောင်း၊ နံနက် ၉ နာရီခွဲက Thar Thar အသင်းနှင့် Team F-3 အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Team F-3 အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီက Shwe Taung Kone အသင်းနှင့် AK United အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ AK United အသင်းက လေးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲက TG Legend အသင်းနှင့် ရောဝတီပန်းပုအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရောဝတီပန်းပုအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီက Empire အသင်းနှင့် 135 Family U-18 အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ 135 Family U-18 အသင်းက ၁၀ ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲက SK FC အသင်းနှင့် Brother Hood အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ SK FC အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီ ၄ ရက်ထိ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




















နေပြည်တော် ဇန်နဝါရီ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်၊ ဆိပ်ဖြူမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၅၈၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၀၄၆၀ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် DONEFANG Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၂၀၄၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေ၂၄၉၃၆၃၅၂ ကျပ်ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၂၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၉၁၂၈၈၃၅၂ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Pyay Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၅၅၅၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရမည်းသင်းမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၁၅၄ ဒသမ ၁၅၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၂၇၈၄၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၃၃၃၉၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းနှင့် ဂျိုးဖြူကန်လမ်း မီးပွိုင့်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် သုည ဒသမ ၅၆၇ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၉၀၀ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hino Dutro Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၉၈၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းအမှုတွဲ ၁၆ မှုမှ ခန့်မှန်းတန်ဖိုးငွေ ၄၁၁၄၁၁၀၂ ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)




# လောင်းလုံမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို ဇန်နဝါရီလပိုင်းမှစတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေများအတွင်း အကြမ်းဖက်သမားများ တရားမဝင် ခိုအောင်းစိမ့်ဝင်မှုမရှိစေရေးနှင့် အကြမ်းဖက်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားပြီး စိုးရိမ်ထိတ်လန့်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရေတိမ်ဒေသများ၏အကျိုးကျေးဇူးများ

**နှင်းအိ(ရာမညမြေ)**

ရေတိမ်ဒေသဆိုသည်မှာ သစ်ဆွေးမြေ၊ ရွှံ့နွံတောများအပါအဝင် ကုန်းတွင်း၌ ရေဝပ်နေသည့် ကန်များ၊ အင်းအိုင်များ၊ ရေချိုရေငန်ဒေသများ၊ မြစ်ဝရှိ ရွှံ့ပြင်၊ လတာပြင်များ၊ သဘာဝရေဝပ်ဒေသ၊ လူများက ပြုလုပ်ဖန်တီးထားသော ဆည်၊ ရေကန်များနှင့် ပင်လယ်ကမ်းခြေ ဒီရေတောများပါဝင်ပြီး ပင်လယ်ကုန်းတွင်း ဒီရေအကျဆုံးအချိန်၌ ရေအနက် ခြောက်မီတာထက်မကျော်လွန်သော ပင်လယ်ရေတိမ်ဒေသများကို ခေါ်ဆိုသည်။ ရေတိမ်ဒေသများသည် ကမ္ဘာ့မြေပြင်၏ခြောက်ရာခိုင်နှုန်းခန့်ရှိပြီး ငါးနှင့်ရေပျော်ငှက်များအပါအဝင် သတ္တဝါများပေါက်ဖွားကြီးပြင်းရာဒေသဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိသော ရမ်ဆာရေတိမ်ဒေသများမှာ မိုးယွန်းကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမပင်လယ်ကွေ့၊ ရခိုင်ကမ်းရိုးတန်းရှိ နံ့သာကျွန်းနှင့် မေယုမြစ်ဝတို့ဖြစ်သည်။

**ရေတိမ်ဒေသများ၏အကျိုးကျေးဇူးများ**

ရေတိမ်ဒေသများ၏ အကျိုးကျေးဇူးများမှာ

၁။ ရေ၏အရည်အသွေးကိုကောင်းမွန်စေခြင်း၊
၂။ သဘာဝ ဘေးဒဏ်မှကာကွယ်ခြင်း၊
၃။ ရေအသုံးချမှုကိုအထောက်အပံ့ပေးခြင်း၊
၄။ သယ်ယူပို့ဆောင်ရေးအတွက် အသုံးချနိုင်ခြင်း၊
၅။ ရေထွက်ပစ္စည်းများထုတ်ယူနိုင်ခြင်း၊
၆။ ဇီဇထိန်းသိမ်းခြင်း၊
၇။ အပန်းဖြေခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူပေးခြင်း၊
၈။ သုတေသနနှင့်ရေတိမ်ဒေသများ ထိန်းသိမ်းကာကွယ်ရေးအတွက် အထောက်အကူပြုခြင်းတို့ဖြစ်သည်။

**ရေ၏အရည်အသွေးကိုကောင်းမွန်စေခြင်း**

ရွှံ့နွံ၊ ဗျိုက်တော၊ လတာပြင်များသည် ရေထုရှိ အဆိပ်အတောက်များကို စုပ်ယူအနည်ကျစေခြင်း၊ ရေတိမ်ဒေသများမှရေသည် မြေအောက်သို့စိမ့်ဝင်ကာ မြေအောက်ရေဖြည့်တင်းခြင်းစနစ်ကို အထောက်အပံ့ပေးခြင်းဖြင့် ရေအရင်းအမြစ်ကို ရေရှည်တိုးပွားစေသည်။

**သဘာဝဘေးဒဏ်မှကာကွယ်ခြင်း**

ရေတိမ်ဒေသများသည် မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မြင့်တက်လာသောမြစ်ရေများကို သိုလှောင်စနစ်ဖြင့် ရေစီးနှုန်းကိုထိန်းချုပ်ထားခြင်း၊ ရေတွင်ပေါက်ရောက်သော အပင်များက ရေစီးနှုန်းကိုဟန့်တားခြင်းဖြင့် ရေလွှမ်းမိုးမှုဒဏ်မှ ကာကွယ်ပေးခြင်း၊ ပင်လယ်ကမ်းခြေရေတိမ်ဒေသသည် ပင်လယ်မှတိုက်ခတ်လာသော လေပြင်းမုန်တိုင်းနှင့် ဆားခါတ်ပါသော လေတိုက်ခတ်မှုကို ဟန့်တားခြင်းဖြင့် သဘာဝပေါက်ပင်များနှင့်စိုက်ပျိုးပင်များကို ပျက်စီးစေခြင်းမှကာကွယ်နိုင်သည်။

**ရေအသုံးချမှုကိုအထောက်အပံ့ပေးခြင်း**

စီးပွားရေးလုပ်ငန်းများအတွက် ရေတိမ်ဒေသမှ ရေကို တိုက်ရိုက်ထုတ်ယူအသုံးပြုနိုင်ပြီး ရေထုအတွင်းရှိ အပင်များ၊ ဥပမာ-ဗေဒါပင်များက ရေထုအတွင်းရှိ အဆိပ်အတောက်များကို စုပ်ယူဖယ်ရှားကာ ရေ၏အရည်အသွေးကိုကောင်းမွန်စေသည်။

**သယ်ယူပို့ဆောင်ရေးအတွက်အသုံးချနိုင်ခြင်း**

လူနှင့်ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရေးအတွက် အသုံးချနိုင်မှုတို့ကြောင့် ကုန်သန်းရောင်းဝယ်မှုကိုအထောက်အကူပြုသည်။



**ရေထွက်ပစ္စည်းများထုတ်ယူနိုင်ခြင်း**

ရေတိမ်ဒေသများမှ ငါး၊ ပုစွန်၊ ငှက်နှင့် ရေသတ္တဝါများရရှိစားသုံးနိုင်ပြီး သစ်၊ ကြိမ်၊ သက်ငယ် စသည့် လူသုံးကုန်ပစ္စည်းများ၊ ဆေးဖက်ဝင်အပင်နှင့် စားပင်များကို ထုတ်ယူရရှိနိုင်သည်။

**ဇီဇထိန်းသိမ်းခြင်း**

ရေတိမ်ဒေသများသည် အပင်နှင့်သတ္တဝါများ၏ ဇီဝမျိုးစိတ်များပေါက်ဖွားကြီးပြင်းရန်နှင့် ထိန်းသိမ်းရန် အထောက်အကူပြုလျက်ရှိကြသည်။

**အပန်းဖြေခြင်းနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အကူပေးခြင်း**

ရေတိမ်ဒေသရှိထူးခြားသော သဘာဝရှုခင်းများကိုခံစားကြည့်ရှုနိုင်သကဲ့သို့ သားငှက်တိရစ္ဆာန်များကိုလည်း အနီးကပ်လေ့လာကြည့်ရှုနိုင်သည်။

**သုတေသနနှင့်ရေတိမ်ဒေသများထိန်းသိမ်းကာကွယ်ရေးအတွက် အထောက်အကူပြုခြင်း**

ရေတိမ်ဒေသများသည် သိပ္ပံနှင့်သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လက်တွေ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းတို့ကို အထောက်အကူပြုသည်။

**ရေတိမ်ဒေသများပျက်စီးရခြင်းအကြောင်း**

ရေတိမ်ဒေသများပျက်စီးရခြင်းမှာ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ လူနေအိမ်ရာများ ချဲ့ထွင်ခြင်း၊ စိုက်ပျိုးရေးအတွက် ရေထုတ်ယူခြင်း၊ အမဲလိုက်ခြင်း၊ ခွင့်ပြုထားခြင်းမရှိသောနည်းလမ်းဖြင့် ငါးဖမ်းခြင်း၊ ရွှေကျင်ခြင်း၊ စက်မှုလုပ်ငန်းသုံး စွန့်ပစ်အညစ်အကြေးများ၊ အိမ်သုံးစွန့်ပစ်အညစ်အကြေးများနှင့် ပိုးသတ်ဆေးများကြောင့် ညစ်ညမ်းမှုဖြစ်ခြင်း၊ ဒီရေတောနှင့် ရေချိုရွှံ့နွံသစ်တောများတွင် စီးပွားဖြစ်အပင်များ ခုတ်လှဲထုတ်ယူခြင်း၊ ရေဝေရေလဲဒေသများ ဆုတ်ယုတ်ခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေတိမ်ဒေသထွက်ကုန်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဂေဟစနစ်ပျက်စီးခြင်းတို့ကြောင့်ဖြစ်သည်။

**ရေတိမ်ဒေသများ ထိန်းသိမ်းရခြင်းအကြောင်းရင်း**

ရေတိမ်ဒေသများ၏ အခြေခံဂေဟစနစ်သည် ရေကို ထိန်းညှိသန့်စင်ပေးသည့် စနစ်ဖြစ်ပြီး အပင်နှင့်တိရစ္ဆာန်များ အထူးသဖြင့် ရေပျော်ငှက်များ ခိုလှုံကျက်စားရာ နေရင်းဒေသများကို ကူညီပံ့ပိုးပေးလျက်ရှိခြင်း၊ ရေတိမ်ဒေသအရင်းအမြစ်များမှ ရရှိသည့် စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် အပန်းဖြေရေးဆိုင်ရာများနှင့် ၎င်းရေတိမ်ဒေသများ လျော့နည်းပျောက်ကွယ်ပါက ပြန်လည်အစားထိုး၍ မရနိုင်ခြင်း၊ ရေပျော်ငှက်များသည် ရာသီအလိုက် နေရာဒေသ ရွှေ့ပြောင်းသွားလာကျက်စားရာတွင် ရေတိမ်ဒေသအတွင်းရှိ ဂေဟစနစ်များအပေါ်တွင် မှီတင်းနေထိုင်ရခြင်းတို့ကြောင့်ဖြစ်သည်။

**ရေတိမ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်း**

ရေတိမ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းသည် ကမ္ဘာ့သဘာဝသယံဇာတများနှင့် သက်ရှိများ၏ နေရင်းဒေသများကို စနစ်တကျထိန်းသိမ်းကာကွယ်၍ အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် ချမှတ်ခဲ့သည့် ပထမဆုံးသော ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာစာချုပ်ဖြစ်သည်။ ကမ္ဘာ အနှံ့အပြားတွင်တည်ရှိသော ရေတိမ်ဒေသများနှင့် ရေပျော်ငှက်များ၏ ခိုလှုံကျက်စားရာ နေရင်းဒေသများကို ထိန်းသိမ်းကာကွယ်ရန်အတွက် ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အီရန်နိုင်ငံ ရမ်ဆာမြို့တွင် နိုင်ငံတကာ ရေပျော်ငှက်များခိုလှုံကျက်စားရာ နေရင်းဒေသများအဖြစ် အရေးပါသည့်ရေတိမ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းကို အတည်ပြုချမှတ်ခဲ့သည်။ ရေတိမ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းသည် ၎င်းကို အတည်ပြုချမှတ်ခဲ့သည့် မြို့ကိုအစွဲပြုလျက် ရမ်ဆာကွန်ဗင်းရှင်းဟုလည်း ခေါ်ဆိုကြသည်။ ကွန်ဗင်းရှင်းဆိုင်ရာရုံးကို ဆွစ်ဇာလန်နိုင်ငံ ဂလန်းမြို့တွင် ဖွင့်လှစ်ထားရှိသည်။

**ရေတိမ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းဆိုင်ရာလိုက်နာရမည့်တာဝန်များ**

မိမိနိုင်ငံနယ်နိမိတ်အတွင်းရှိ ရေတိမ်ဒေသများနှင့် သယံဇာတများကို အကျိုးရှိစွာ အသုံးပြုရေးနှင့် စနစ်တကျ ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ရန်၊ ကွန်ဗင်းရှင်းမှ သတ်မှတ်သည့် နိုင်ငံတကာအတွက် အရေးပါသော ရေတိမ်ဒေသများစာရင်းတွင် ထည့်သွင်းရန်အတွက် မိမိတို့နိုင်ငံရှိ ရေတိမ်ဒေသအနည်းဆုံးတစ်ခုကို အဆိုပြုရန်၊ ရေတိမ်ဒေသများ ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများနှင့် ကွန်ဗင်းရှင်းအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မိမိနိုင်ငံအတွင်းရှိ ရေတိမ်ဒေသများ တိုးမြှင့်တည်ထောင်ရန်တို့ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ရေတိမ်ဒေသများ ထိန်းသိမ်းခြင်းသည် လူသားတို့အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အပန်းဖြေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အရေးပါသော ကဏ္ဍမှပါဝင်နေသဖြင့် ရေတိမ်ဒေသများ မပျက်စီးစေရေး၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် ရေရှည်အကျိုးရှိစွာ အသုံးပြုရေးတို့ကို ပြည်သူများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းလေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသောစာစောင်များ။**

## မော်လမြိုင်ကျွန်းမြို့နယ် သစ်တိုဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်တိုဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သစ်တိုဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

သစ်တိုဆိပ်ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၅၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **တေဇာလင်း**

ဝတ္ထုတိုကဏ္ဍ

# အကြင်နာမဲ့ချစ်ခြင်း

**စိုးစံဝင်း**



(၁)

ရုံးအပြင်တွင် နှင်းမှုန်လေးများ ခပ်ဖွဲဖွဲကျနေသည်။ သည်နေ့မှ ခေါင်းထဲ ညှဉ်းသိုးသိုးဖြစ်နေသဖြင့် သူဌေးဆီက ခွင့်တောင်းကာ ကားကို ကိုယ်တိုင်ပဲ မောင်း၍ ရုံးကပြန်ခဲ့သည်။ ရှေ့တွင် မီးပွိုင့်တစ်ခုက မီးနီနေသဖြင့် ခေတ္တစက်သပ်ကာ ရပ်ထားပြီး နားထင်ကို နှိပ်နယ်နေချိန် ရှေ့တွင် သွားနေသော ကားတချို့ဆီမှ အသံချဲ့စက်သံ တလွင်လွင် ကထိန်ခင်းလှည့်နေသည့်ကားများကို မြင်တွေ့လိုက်ရသောအခါ–

ဩော်... တန်ဆောင်မုန်းလပြည့်နေ့ အခါကြီးရက်ကြီးကိုတောင် မေ့လျော့နေသည့် ကျွန်မပါလေ။ မီးစိမ်းသည်နှင့် ကားစက်နိုးကာ မောင်းထွက်လာခဲ့သည်။ ကျွန်မနေသည့်သဃ်န်း ကျွန်းကိုရောက်တော့ တိုက်ခန်းကလေးရှေ့တွင် ကားကို ဘေးချရပ်ထားလိုက်သည်။ လမ်းထဲရှိကလေးငယ်များ ဆော့ကစားနေကြသည်ကို ခဏရပ်ကြည့်လိုက်သည်။ ပြီးမှ တိုက်ခန်းထဲဝင်ကာ ရေတစ်ဘူးကို ယူသောက်ပြီး အိပ်ခန်းထဲက အိပ်ရာပေါ်လဲချလိုက်သည်။ ကျွန်မ ဘာမျှလုပ်ချင်စိတ်မရှိ၊ နံရံတွင် ချိတ်ထားသော အမှတ်တရဓာတ်ပုံများကို ကြည့်ကာခုနက မြင်တွေ့ခဲ့ရသည့် မြင်ကွင်းကို စိတ်ထဲတရေးရေး ပြန်မြင်လာသည်။ ကျွန်မဘဝမှာ သည်လိုအချိန် သည်လိုအခါမျိုးတွင် ဝမ်းနည်းမှုတို့ စုပြုံ၍ ဝင်ရောက်လာတတ်သည်။ အတိတ်က ပုံရိပ်တို့သည်လည်း အာရုံမှာ တဖြည်းဖြည်း ရုပ်လုံးပေါ် လာသည်။ မတွေးချင်သော်မရ၊ အတွေးများသည် စိုးမိုးလာ၏။

(၂)

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ထန်းကုန်းရွာကလေးတွင် ကျွန်မကို မွေးဖွားခဲ့သည်။ မွေးချင်းမောင်နှမခုနစ်ယောက်၌ ကျွန်မအထက်တွင် အစ်မငါးယောက်ရှိသည်။ ကျွန်မအောက်တွင် ကျွန်မထက် သုံးနှစ်ခန့်ငယ်သည့် မောင်လေးတစ်ယောက်သာရှိသည်။ ကျွန်မမိဘများတွင် သမီးမိန်းကလေးများသာ မွေးဖွားခဲ့သည့်အတွက် သားယောကျ်ားလေး တအားလိုချင်ကြသည်။ နောက် မောင်လေးကို မွေးသည့်အခါ အဖေနှင့် အမေ၏ သားယောကျ်ားလေး လိုချင်သည့် ဆန္ဒတစ်ထပ်တည်းကျခဲ့သည်။ မောင်လေးကို အဖေနှင့်အမေအပြင် အစ်မကြီးတို့ကလည်း သဲသဲလှုပ် ဂရုစိုက်ကာ ချစ်ကြသည်။ မောင်လေး၏ အမည်မှာ ဝင်းလှိုင်။ မောင်လေး ရှစ်နှစ်သားအရွယ်တွင် အပြင်းအထန်ဖျား၍ ကျေးလက်ဆေးပေးခန်းကိုသွားပြရာ၊ ဆေးပေးခန်းတွင် ဆရာဝန်ကြီးက အရေးပေါ်လူနာရှိသည့်အတွက် ရွာတစ်ရွာသို့ လိုက်သွားရသည်။ ဆေးခန်းတွင် လက်ထောက်သူနာပြုဆရာမတစ်ဦးသာ ကျန်ခဲ့သည်။ သူနာပြုဆရာမလေးကပဲ မောင်လေးကို အဖျားကျဆေးထိုးပေးသည်။

ဆေးခန်းကပြန်လာပြီ တစ်ရက်၊ နှစ်ရက်အတွင်း အဖျားကျစပြုလာသည်။ သို့သော် တစ်ပတ်ခန့်အကြာတွင် မောင်လေး၏ ခန္ဓာကိုယ်မှာ တဖြည်းဖြည်း ပြောင်းလဲလာသည်။ ခြေထောက်ကလေးများက သာမန်ထက် သေးငယ် ကြုံလှီလာသည်။ အဖေနှင့် အမေက မောင်လေးကို စိတ်ပူကာ ဆေးပေးခန်းကို တစ်ဖန်သွားပြပြန်သည်။ ဆရာဝန်ကြီးကိုယ်တိုင် စစ်ဆေးကြည့်သောအခါ ဆေးထိုးမှားသွားပြီဖြစ်ကြောင်း ဆရာဝန်ကြီး ကိုယ်တိုင်ပြောပြနေသည့်အခါ–

"ဟာ.... ရှင်..."

အံ့ဩမှင်တက်မှုများနှင့်အတူ အဖေနှင့် အမေခမျာ ယူကျုံးမရ ဝမ်းနည်းကြသည်။ အဖေ့ ဒေါသများ ဆူပွက်ကာ ဆရာမကို စိတ်ဆိုးမာန်ဆိုးဖြင့် အော်ဟစ်ပြောဆိုသည်။ ဆရာဝန်ကြီးက ကြားမှ မေတ္တာရပ်ခံ တောင်းပန်နေသော်လည်း သွေးဆူနေချိန်မို့ မှားသည် မှန်သည် မခွဲခြားတတ်တော့ပေ။ သွေးအေးချိန်ကျမှ အမေနှင့်အစ်မများက အဖေ့ကို ဆရာမကိုချည်း အပြစ်မတင်ဘဲ မောင်လေး၏ ကံလို့သာဖြေဖို့ ဖျောင်းဖျကြသည်။ အဖေ၏ နာကြည်းစိတ်ကလျော့မသွား သို့သော်လည်း မည်သူ့ကိုမျှ အပြစ်မတင်တော့ဘဲ မောင်လေးကို ဆေးရုံဆေးခန်းမျိုးစုံကို လိုက်လံပြသည်။ အဖေက မောင်လေးစိတ်ဖြင့်နေ့ရှိသရွေ့ အသက်ရှင်လို့နေတော့သည်။ ငွေမည်မျှကုန်ကုန် သူ့သားရောဂါကို ပျောက်ကင်းအောင် ကုမည်ဟူ၍ သန္နိဋ္ဌာန်ချထားသည်။ အဖေနှင့် မမကြီးတို့ရှာဖွေသမျှ မောင်လေး ဆေးဖိုးချည်းသာ ဖြစ်ခဲ့သည်။ စီးပွားရေးလည်း ကျပ်တည်းလာခဲ့သည်။ ယခင်ကလို ချောင်ချောင်လည်လည်မရှိတော့။ အဖေနှင့်အမေ အစ်မကြီးများလည်း မောင်လေးကိုသာ ဂရုစိုက်ကြသည်။ သည်လို သူ့ကိုချည်း ဂရုစိုက်နေသည်ကိုမြင်နေရသောအခါ ကျွန်မမှာ မနာလိုတိုရှည်ဖြစ်မိသည်။ ကျွန်မလည်း ကလေးသာသာပင်။ ကျွန်မကိုယ်ကျ မည်သူမျှ ဂရုတစိုက်မရှိကြ။ ကြာလာသည်နှင့်အမျှ ကျွန်မစိတ်ထဲမှာ နာလိုခံခက်ဖြစ်မိသည်။ ကျွန်မက အမြဲဘေးရောက်နေခဲ့ရသည်။ မောင်လေးကို သနားကြင်နာရမည့်အစား မြင်လိုက်သည်နှင့် ဘောက်ဆတ်ဆတ်သာ ပြောလွှတ်တတ်သည်။

(၃)

မိုးနှောင်းလို့ ဆောင်းအကူး ဆောင်းဟေမန် နှင်းမှုန်ကလေးများ ကျစပြုလာပြီ။ ဆောင်းလေပြည်တွေက လွင်ပြင်များကို ဖြတ်ကျော်ကာ တိုက်ခတ်နေသည်။ ဆောင်းလေပြည်နှင့်အတူ ချမ်းအေးစပြုလာသည်။ သစ်ပင်ကြီးငယ်များ၊ တောင်တန်းများအပေါ် မြူတွေ အုံ့ဆိုင်းလို့၊ လယ်ကန်သင်းရိုးတစ်လျှောက် မြက်ပင်များပေါ် နှင်းရည်စက်ကလေးများ စွတ်စိုနေကြသည်။

တန်ဆောင်မုန်းလပြည့် နံနက်ခင်းရောက်သည်နှင့် ရွာဦးကျောင်း၌ သီချင်းသံများ ညံစာစာ။ ရွာရှိကလေး၊ လူကြီး၊ လူငယ်မရွေး ပျော်ကြ၊ ရွှင်ကြသည်။ ကျွန်မ ရင်ထဲအပျော်များ တလှပ်လှပ်ဖြစ်နေရသည်။ အစ်မကြီးများလည်း ရွာဦးကျောင်းကို အကျွေးအမွေး ဧည့်ခံရမှာ ဖြစ်သည့်အတွက် အစောထွက်သွားကြသည်။ ကျွန်မ၏ အဝတ်ဗီရိုထဲမှ ဂါဝန်အပြာကလေးထုတ်၍ ဝတ်သည်။ မှန်တင်ခုံရှေ့တွင် ဖြီးလိမ်းပြင်ဆင်နေချိန် အိမ်အပြင်ဘက်မှ ရွယ်တူ သူငယ်ချင်းများက–

"ဟဲ့ ငြိမ်းငြိမ်းရေ မပြီးသေးဘူးလား"

အိမ်ရှေ့မှ အော်နေသော မိုးထွေး၏ အသံ။

"ဘုန်းကြီးကျောင်းမှာ ဆိုင်းပွဲလဲ စနေပြီ မြန်မြန်လုပ်"

"အေးပါ လာပြီ လာပြီ"

ကျွန်မ အိမ်အောက်ကို ပြေးဆင်းလာတုန်း မောင်လေးက ကျွန်မကိုမော့ကြည့်ကာ–

"မမငြိမ်း သားလဲ လိုက်ချင်တယ်"

မျက်နှာငယ်ကလေးနှင့် မဝံ့မရဲ ပြောသည်။

"လိုက်ချင်ရင် မမကြီးတို့ လာမှ လိုက်ခဲ့"

"ဟင် မမကြီးတို့လဲ ကျောင်းမှာပဲလေ။ မမငြိမ်းက သားကိုခေါ်သွားပေးလေနော်" ဟု ပြောသည့်အခါ–

"မခေါ်ချင်ပါဘူး။ နင်ပါရင် ရှုပ်တယ်။ ငါ့ဘာသာ တစ်ယောက်ထဲပဲကောင်းတယ်။ ပြီးတော့ နင့်ကိုလဲ ကျောမပိုးနိုင်ဘူး"

"ဟင်... ဟယ်..."

မိုးထွေးနှင့် မေသွယ်တို့ နှစ်ယောက် အံ့ဩခြင်းများစွာနှင့်အတူ ငြိမ်သက်သွားကြသည်။ ကျွန်မ သည်လိုပစ်ပစ်ခါခါ ပြောလိမ့်မည်ဟု သူတို့ မထင်ထားကြ။

"အီး...ဟီး...ဟီး..."

မောင်လေး ရှိုက်၍ငိုသည်။ မျက်ရည်များက ပါးပြင်ပေါ်စီးကျလို့၊ မျက်ဝန်းကလေးများက နီရဲကာ ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းဖြင့်ကျန်ရစ်ခဲ့သည်။ မီးဖိုချောင်ထဲမှ ထမင်းချက်နေသည့် အမေက မောင်လေး၏ ငိုသံကြား၍ အိမ်ရှေ့သို့ ထွက်လာ သည်။ ကျွန်မမှာမှန်းသိလိုက်ပြီး အမေရောက်မလာခင် အိမ်အပြင်ဘက် ထွက်ခဲ့လိုက်သည်။ မိုးထွေးနှင့် မေသွယ်လည်း နောက်မှ ပြေးလိုက်လာကြသည်။

(၄)

ကျွန်မကို လိုက်မီလာသောအခါ မိုးထွေးက–

"ငြိမ်းငြိမ်း နင် ဒီလို ပြောဖို့မကောင်းဘူး။ ကိုယ့်မောင်လေးကို"

"ငါဒီလို မပြောလို့ ဘယ်လိုပြောရမလဲ"

"နင် ပြောလိုက်တော့။ ဝင်းလှိုင်လေး သနားပါတယ်ဟယ်"

"နင့်ဘာသာပဲ သနား၊ ငါမသနားဘူး။ တော်ပြီဟာ မိုးထွေး ဘာမှ ဆက်မပြောတော့နဲ့"

ကျွန်မ စိတ်မရှည်တော့သဖြင့် ခပ်ပြတ်ပြတ်ပဲ ပြောချလိုက်သည်။ ရွာဦးကျောင်းမုခ်ဦးကို ရောက်သောအခါ ဖိနပ်ကိုချွတ်၍ ကျောင်းအတွင်းသို့ ဝင်ခဲ့ကြသည်။ ကျောင်းထဲကိုရောက်လျှင်ဘုရားရှိခိုး၊ ကုမ္ဗာရီအပျိုများနှင့်အတူ ကျွန်မတို့ ဝိုင်းကူလုပ်ပေးကြသည်။ ထမင်းကျွေး မဏ္ဍပ်ရှိရာ သွားကာ သူငယ်ချင်းတစ်စု ဝင်စားကြသည်။ ဆိုင်းဝိုင်းနားဝေ့ဝဲကြည့်ရှုကြနေချိန် မောင်လေးကို ခါးထစ်ခွင်တွင် ချီထားသော အမေက ကျွန်မကိုမြင်လျှင်မြင်ချင်း မျက်စောင်းကြီးတခဲခဲနှင့် ကျွန်မလည်း မျက်နှာလွှဲကာ ဆိုင်းဝိုင်းဘက်ကိုသာ အာရုံပြောင်းထားလိုက်သည်။ အမေနှင့် မောင်လေးတို့ သိပ်မကြာပါဘူး ပြန်သွားကြသည်။

ကျွန်မတို့လည်း ကျောင်းမှ အသံချဲ့စက်သံ ဆိုင်းသံများကတညံညံ။ ကြာတော့ ဆူညံသံများကြောင့် စိတ်အိုက်လာရသည်။ ဆောင်းနေကလည်း ပူပြင်းလှသည်။ ရွာထဲကိုဝင်မှ ပိုလို့ပူမှန်း သိရသည်။ အိမ်ကိုအမြန်ပြန် အဝတ်စားလဲကာ အိပ်ရာထဲဝင် အိပ်လိုက်တော့သည်။

(၅)

ညနေစောင်း နေဝင်ရီအချိန်တွင် ရွာထဲတစ်အိမ်ဝင် တစ်အိမ်ထွက်–

"တန်ဆောင်တိုင်ကြေးပေးပါ ရှင့်" ဆိုပြီး သူငယ်ချင်းများနှင့်အတူ အရွယ်ကဟိုမရောက်၊သည်မရောက်အရွယ်တွေဖြစ်သဖြင့် မရှက်လည်းမရှက်တတ် မကြောက်လည်းမကြောက်တတ် သံပြိုင်အော်ကာ တောင်းကြသည်။ ကျွန်မ ညရောက်သည့်အချိန်ထိတောင်းလို့ရသမျှ ပိုက်ဆံများကို အိမ်ပြန်ပြီး ရေတွက်နေချိန် မောင်လေးက ကျွန်မအနားလာကာ အားရဝမ်းသာဖြင့်–

"မမငြိမ်း သား ဒီညရတဲ့ ပိုက်ဆံတွေ အများကြီးပဲ"

ကျွန်မ တစ်ချက်စောင်းငဲ့ကြည့်တော့ တစ်ရာတန်၊ ငါးရာတန်မပါ တစ်ထောင်တန်၊ ငါးထောင်တန်တွေသာ။ ကျွန်မရလာခဲ့သောပိုက်ဆံများနှင့် နှိုင်းစာ

စာမျက်နှာ ၂၅ သို့ ➤

# ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၈၀၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟုမ္မလင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၈၀၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် မြေထောက်ပဲ ၉၄၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၀၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၉၄၉၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၀၂၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မြေထောက်ပဲသီးနှံ အထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ရေးလိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက် ခဲ့ပါတယ်" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် မြေထောက်ပဲစိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေထောက်ပဲ အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ငါးသလောက်များအရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက်ငါးသလောက်များ ဝယ်ယူမှုကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို တစ်ရက်လျှင်ပိဿာချိန် ၅၀၀ မှ ၇၀၀ ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

"ငါးသလောက်တွေ ဝယ်လိုအားကောင်းလာလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ငါးသလောက်ပိဿာချိန် ၇၀၀ ထိ အရောင်းအဝယ် ဖြစ်နေတာပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးလောက်ကလဲလတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀မှ ၃၅၅၀၀၊ အကြီးတစ်ပိဿာလျှင် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစား အပေါ်မူတည်ကာ ဈေး အပြောင်းအလဲရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ကြည့်လျှင်ကျွန်မက မောင်လေး၏သုံးပုံပုံလို့ တစ်ပုံတောင်မရှိ။

"မမငြိမ်း သားရတဲ့ ပိုက်ဆံတွေနဲ့ မမလိုချင်နေတဲ့ ဝမ်းဆက်လေး ဝယ်ပါလား"

မထင်မှတ်ဘဲ ပြောလိုက်သည့် စကားဖြစ်နေသော်လည်း ကျွန်မ မှုန်ကုပ်ကုပ် မျက်နှာ ဘေးမျိုးဖြင့်–

"မဝယ်ချင်ပါဘူး။ နင့်ပိုက်ဆံတွေ နင့်ဘာသာပဲသုံး"

ဝင်းလိုင်၏မျက်နှာကလေး ညှိုးရော်နွမ်းလျသွားသည်ကို ကျွန်မ အထင်းသားမြင်နေရသည်။ သို့သော်လည်း မတတ်နိုင်ပေ။ ကျွန်မလေသူ့ကို သိပ်မုန်းသည်။ မေတ္တာပေးဖို့ ကျွန်မမှာ လုံးဝစိတ်ကူးမရှိ၊ ဆက်၍ မုန်းနေရပါဦးမည်။

(၆)

လတွေ၊ နှစ်တွေ၊ တရွေ့ရွေ့ ကူးပြောင်းလာကာ ကျွန်မတို့ညီအစ်မတစ်တွေလည်း အိုးအိမ်ထောင်အသီးသီးကျခဲ့ရသည်။ အသက်အရွယ်ရင့်ကျက်လာသည်နှင့်အမျှ မောင်လေးအပေါ်ပြုမူခဲ့သမျှ ကျွန်မမှာ ညဉ့်နက်သန်းခေါင်ချိန်ရောက်တိုင်း မျက်ရည်မိုးများ စွေခဲ့ရသည်။ ညစဉ်ညတိုင်း အမျိုးသားနှင့်သမီးမသိအောင် ကျိတ်ငိုခဲ့ရသည့် ညများကလည်း အလီလီ။ ကျွန်မ၏နောင်တ တရားများက သိပ်နောက်ကျခဲ့ရပြီမို့ ဖြေမဆည်နိုင်။ ရန်ကုန်မှာ ကျွန်မ၏ အမျိုးသားနှင့် အခြေကျနေထိုင်ကာ သမီးတစ်ယောက်၊ သားတစ်ယောက် မွေးခဲ့သည်။ သားကလေးကို ကျွန်မမွေးပြီး မွေးခန်းထဲတွင်လည်း ကျွန်မမှာ မောင်လေးကိုပဲ မြင်ယောင်နေမိသည်။ ကျွန်မ၏ သားလည်း သက်ဆိုးမရှည်ရှာ။ အပြင်းအထန်ဖျားကာ ငယ်ရွယ်သည့် သားကလေးကို လက်လွှတ်လိုက်ရသည်။ ကျွန်မ ဝဋ်များလည်နေသည်ဟု ထင်မိသည်။ မောင်လေးအပေါ်ထားရှိခဲ့သည့် အမုန်းတရားများ ကျွန်မအပေါ် ပြန်လည်လို့ ကျရောက်လာခြင်းပေလား။ ကျွန်မအမျိုးသားလည်း သားကလေးဆုံးပြီးနောက်ပိုင်း တရှောင်ရှောင်ဖြင့် နေထိုင်မကောင်းဖြစ်လာသည်။ နောက်ဆုံး အမျိုးသားလည်း နာတာရှည်ရောဂါနှင့်ပင် ကွယ်လွန်ခဲ့သည်။ သမီးကိုလည်း ပညာရေးအတွက် ဘော်ဒါကိုကျောင်းအိပ်၊ ကျောင်းစား ပို့ထားရသည်။

ယခုဆို ကျွန်မတစ်ယောက်တည်းလွတ်လွတ်လပ်လပ် ငိုနေလို့ရပြီ။ သို့သော် မည်သူမျှမရှိသော တိုက်ခန်းမှာ ကျွန်မအတွက် ပိုအထီးကျန်ဆန်ရသည်။ ပိုပြီး မွန်းကျပ်ပိတ်လောင်နေစွာ ခံစားရသည်။ ကျွန်မမွေးဇာတိကိုပြန်ဖို့ ကျွန်မစဉ်းစားကြည့်သည်။ ကျွန်မကိုယ် ကျွန်မထိုမျှလောက် သတ္တိမရှိလှ။ အဖေနှင့် အမေကို လွမ်းသည်။ မွေးရပ်မြေရွာကလေးကိုလွမ်းသည်။ သို့သော်လည်း ကျွန်မမပြန်ရဲ။ မောင်လေးအပေါ် ကျွန်မ၏ မုန်းတီးမှုအာဃာတများ ပူလောင်ပြင်းရှခဲ့သည်။ သူ့ခမျာ အသက်ရှည်ရှည် မနေရမှန်းသိပါလျက်နှင့် ကျွန်မကိုယ်ကျွန်မ မိန်းမကြမ်းကြီးလုပ်ကာ အစ်မကြီးအမိရာဆိုသည့် ချစ်ချင်းမေတ္တာတရားမျိုး တစ်ခါမျှမပေးခဲ့။ "အစ်မမုန်းတဲ့ ငါပါလား" ဆိုသည့် စိတ်ဖြင့် မောင်လေးခမျာ စိတ်ထောင်းလို့ကိုယ်ကြေ လောကကြီးကို ငယ်ငယ်ရွယ်ရွယ်နှင့်ပင် နှုတ်ဆက်ထွက်ခွာသွားခဲ့ရသည်။ ကျွန်မလည်း ကျွန်မအမှားတွေကိုသာ ရင်ဝယ်ပိုက်ထွေးကာ ကျေကျေနပ်နပ် လက်ခံရတော့မည်။

## ထမနဲပွဲ အားသွန်ခွဲ

\- ဆောင်းဟေမန် မပြိုကွဲ
တပို့တွဲ လရာသီ၊
တို့ရိုးရာ ပိုမိုလှစေဖို့
ကြိုဆိုကြမည်၊
ထမနဲ ပွဲတော်ဆီ
နွှဲခေါ်မည် ဖိတ်ကြား၊
နည်းထုံးလာ ယှက်သီသမျှရယ်နဲ့
စည်လုံးကာ လက်ညီကြပါမှ
အရသာပေါ်လွင်ကြောင်းကို
စုပေါင်းလှုပ်ရှား။

\- နှင်းပဝါ ဇာချည်ပါးရယ်က
ဖြာရည်ငြား လွှမ်းခြုံ၊
ချမ်းတာကို အံတုဖို့
ဉာဏ်ပြုလို့ဆုံ၊
လုပ်အားနဲ့ သဒ္ဓါဟုန်
ထပ်ခါယုံ အောင်ကြောင်း၊
တောင့်တပို ကြံစည်ခြင်းရယ်နဲ့
ယောက်မကို မာန်ချီသွင်းပါလို့
မယွင်းစွာ ချွေးတွေစို့တယ်
ပေးဖို့စိတ်ကောင်း။

\- ကောက်ညှင်းဆန် ပျောင်းလေတော့
ပေါင်းချေသော့ မွှေကာ၊
မြေပဲဆန် ချင်းမပျက်
သွင်းအဖက်ပါ၊
သန့်ရှင်းတဲ့ နှမ်းလှော်ပါ
မှန်းမျှော်စွာ ညီမျှ၊
အသန့်တွေ မြတ်ရကြောင်းရယ်နဲ့
ရနံ့ဝေရသကောင်းပြန်ပေါ့
စုပေါင်းကာ လှူဒါန
ပီတိတွေလှ။ ။

**အင်ပင်သန်းဌေးအောင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ကြည်ညိုဆင့်ပွား အားထားပူဇာ ပရိယတ္တိသာသနာ

ကျွန်းသားငမန်း

**❖ပရိယတ္တိသာသနာဟူသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ပိဋကသုံးပုံ ဗုဒ္ဓအဆုံးအမတရားဖြစ်သည်။ ပဋိပတ္တိသာသနာမှာ ဘုရားဟောတရားတော်များနှင့်အညီ ကျင့်ကြံအားထုတ်ခြင်းပင်ဖြစ်သည်။ ပဋိဝေဓသာသနာမှုကား ထိုသို့ ကျင့်ကြံအားထုတ်သဖြင့် ရရှိခံစားအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတရားဖြစ်သည်။ ထိုသာသနာသုံးရပ်တွင် ပရိယတ္တိသာသနာမှာ အခြေခံအကျဆုံး၊ သာသနာသုံးရပ်၏ အသက်လည်းဖြစ်ပြီး၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာနှစ်ရပ်၏ အခြေခံမူလလည်းဖြစ်သည်။ ❖**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့မှ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့ထိ ၃၃ ရက်တိုင်တိုင်ကျင်းပခဲ့သော ၇၇ ကြိမ်မြောက်တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှ တိပိဋကဓရတိပိဋကကောဝိဒ သာသနဓဇအာဇာနည် ဆရာတော်တစ်ပါး ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲကြီးမှပေါ်ထွက်လာသော သာသနဓဇအာဇာနည်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရ၊ သက်တော်၄၅ နှစ်၊ သိက္ခာတော်၂၃ဝါ ဖြစ်သည်။ ဆရာတော်၏ဇာတိမှာ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ရွာဗုကြီးရွာမှဖြစ်သည်။ ယခင်နှစ် ကျင်းပခဲ့သော ၇၆ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်မှ ၁၆ ပါး မြောက် တိပိဋကဓရတိပိဋကကောဝိဒ သာသနဓဇအာဇာနည် ဆရာတော်တစ်ပါးပေါ်ထွက်ခဲ့သည်။ ဆရာတော်၏ ဘွဲ့တော်အမည်မှာ အရှင်ပညာသိရီလင်္ကာရဖြစ်သည်။ ယခုကဲ့သို့ နှစ်နှစ်ဆက်တိုက် သာသနဓဇအာဇာနည်နှစ်ပါး ပေါ်ထွန်းလာခဲ့ခြင်းမှာ နိုင်ငံတော်နှင့် သာသနာတော်ကို လေးစားကြည်ညိုကြသော ရဟန်းရှင်လူအပေါင်းတို့၏ ချီးမြှောက်မှုကြောင့် ပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူသော သာသနဓဇအာဇာနည် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရဆရာတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ၂၀၂၅ ခုနှစ် ဇနန်နဝါရီ ၂၅ ရက်ကပေးပို့ဆက်ကပ်ခဲ့သည်။ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် ရက်အရှည်ဆုံးကျင်းပသည့် ရွေးချယ်ရေးစာမေးပွဲဖြစ်ပြီး အဘိဓမ္မာ(နောက်ပိုင်း) ဖြစ်သော ယမကနှင့်ပဋ္ဌာန ဟူသော ခက်ခဲနက်နဲလှသည့် ကျမ်းနှစ်ဆူ၏ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်(၃)လက်အမှတ်တံဆိပ်ပါ သာသနဓဇအောင်လံတော် ဆက်ကပ်ခံယူရရှိတော်မူခြင်းလည်းဖြစ်သည်။ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရဆရာတော်များမှာ ပရိယတ္တိသာသနာတော်၏ အဖိုးမဖြတ်နိုင်သော ရတနာများလည်းဖြစ်ကြသည်။

**မြန်မာနိုင်ငံနှင့်ပရိယတ္တိသာသနာ**

ဗုဒ္ဓဘုရားရှင်၏ သာသနာသုံးရပ်ဖြစ်သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာစသည်များတွင် ပရိယတ္တသာသနာ တော်မြတ်သည် အရင်မူလပထမဖြစ်သည်။ ပရိယတ္တိသာသနာဟူသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ပိဋကသုံးပုံဗုဒ္ဓအဆုံးအမတရားဖြစ်သည်။ ပဋိပတ္တိသာသနာမှာ ဘုရားဟောတရားတော်များနှင့်အညီ ကျင့်ကြံအားထုတ်ခြင်းပင်ဖြစ်သည်။ ပဋိဝေဓသာသနာမှုကား ထိုသို့ကျင့်ကြံအားထုတ်သဖြင့် ရရှိခံစားအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတရားဖြစ်သည်။ ထိုသာသနာသုံးရပ်တွင် ပရိယတ္တိ သာသနာမှာ အခြေခံအကျဆုံး၊ သာ သ နာ သုံး ရ ပ် ၏ အ သ က် လ ည်း ဖြ စ် ပြီး၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာနှစ်ရပ်၏ အခြေခံမူလလည်းဖြစ်သည်။ ဆိုရလျှင် မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်မြတ်ဟူသော ပရိယတ္တိသာသနာကွယ်ပျောက်လျှင် နည်းလမ်းတကျ ကျင့်ကြံအားထုတ်နိုင်ခြင်းဟူသော ပဋိပတ္တိသာသနာလည်း ထင်ရှားဖြစ်ပေါ်လာနိုင်ခြင်း ရှိမည်မဟုတ်ပေ။ မှန်ကန်သည့်အကျင့် တရားဖြစ်သည့် ပဋိပတ္တိသာသနာတော်မြတ်ကြီးမရှိပါကလည်း မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ထူးကဲမွန်မြတ်လှသည့် တရားတော်မြတ်အတန်တန်ကိုလည်း ထိုးထွင်းသိမြင်နိုင်ခြင်းဟူသော ပဋိဝေဒသာသနာတော်အကျိုးတရားလည်း ဆိတ်သုဉ်းမည်ဖြစ်သည်။ ထိုကြောင့်လည်း သာသနာသုံးရပ်နှင့်ပတ်သက်၍ ပရိယတ္တိသာသနာတော်သည် ကန်ပေါင်ကန်ရိုးနှင့်တူပြီး၊ ပဋိပတ္တိသာသနာတော်သည် ရေနှင့်တူကြောင်း၊ ပဋိဝေဓသာသနာတော်သည် ကြာရိုးကြာပွင့်နှင့်တူကြောင်း ဆရာတော်ကြီးများက မြွက်ဆိုကြသည်။ ပရိယတ္တိဟူသော ကန်ပေါင်ကန်ရိုးခိုင်ခံ့ပါမှ ပဋိပတ္တိတည်းဟူသော သာသနာရေပြင်ရှိမည်။ ရေပြင်ကြီးရှိမှသာ ပဋိဝေဓတည်းဟူသော ကြာရိုး၊ ကြာစွယ်၊ ကြာဖူး၊ ကြာပွင့်များ ဝေဝေဆာဆာဖူးပွင့်လာနိုင်မည် ။

**ပရိယတ္တိစာမေးပွဲများ(သမိုင်း)**

ထိုသို့ ပရိယတ္တိသာသနာတော် အရေးကြီးကြောင်းသိရှိထားကြသော မြန်မာနိုင်ငံအတွင်းရှိ ထေရဝါဒဘာသာခေါင်းဆောင် ဆရာတော်ကြီးများနှင့် ဒါယကာ၊ ဒါယိကာမတို့သည် သာသနာထွန်းကား၍ ရေရှည်တည်တံ့စေရန်အတွက် ပရိယတ္တိစာပေများ မပပျောက်မတိမ်ကောစေရန် အားပေးစောင့်ရှောက် ချီးမြှောက်တော်မူခဲ့ကြသည်။

မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲတွင် ပထမပြန်စာမေးပွဲသည် သက်တမ်းအရှည်ဆုံးဖြစ်သည်။ ညောင်ရမ်းခေတ်တွင် ပေါ်ထွန်းခဲ့သော သာလွန်မင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၁၀၀၀ပြည့်နှစ် (ခရစ်နှစ် ၁၆၃၈ခန့်) တွင် ပထမပြန်စာမေးပွဲကို စတင်ကျင်းပခဲ့သည်။ ရဟန်းသာမဏေများသာမက မင်းညီမင်းသားများ ပါဝင်ဖြေဆိုခဲ့ကြသည်။ သာလွန်မင်းတရားလက်ထက်မှ စတင်ကျင်းပခဲ့သော ပထမပြန်စာမေးပွဲသည် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်သည့် ၁၂၄၇ ခုနှစ် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည်။ သို့ရာတွင် သာသနာတော်အကျိုး ကိုလိုလားသော ဆရာတော်ကြီးများ၊ ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ သာသနာတော် မကွယ်ပျောက်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆက်လက်ကျင်းပခဲ့ကြပြီး သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ အင်္ဂလိပ်အစိုးရကိုလည်း ပထမပြန်စာမေးပွဲများကို ဆက်လက်ကျင်းပရန် တိုက်တွန်းတောင်းဆိုခဲ့ကြသည်။ ဤသို့ တောင်းဆိုချက်များအရ အင်္ဂလိပ်အစိုးရသည် ရှေးမြန်မာမင်းများလက်ထက်က ပြဋ္ဌာန်းခဲ့သည့် သင်ရိုးအတိုင်းသတ်မှတ်ကာ ၁၂၅၇ ခုနှစ် (ခရစ်နှစ် ၁၈၉၅) တွင် ပြန်လည်ကျင်းပပေးခဲ့သည်။ စတင်ကျင်းပသည့်နှစ်က ပထမငယ်တန်း၊ ပထမလတ်တန်းနှစ်တန်းသာ ကျင်းပခဲ့သော်လည်း နောက်နှစ်မှစ၍ ပထမကြီးတန်းထိ တိုးချဲ့ကျင်းပခဲ့သည်။

ပရိယတ္တိသာသနာကို ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသော အလှူရှင်ဒါယိကာကြီးများသည် သာသနာတော်ကို အားပေးစောင့်ရှောက်ရန်အတွက် ပရိယတ္တိသာသနာဟိတ (သကျသီဟ) အသင်းကြီးကို ၁၂၆၀ပြည့်နှစ်(ခရစ်နှစ်၁၈၉၈)ခုနှစ်တွင် မန္တလေးမြို့၌ ထူထောင်ခဲ့ကာ မြန်မာနိုင်ငံပရိယတ္တိစာပေလောကတွင် နာမည်အကြီးဆုံးဖြစ်သော သကျသီဟစာမေးပွဲကြီးကို ၁၂၆၅ခုနှစ် (ခရစ်နှစ် ၁၉၀၃) ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး စာချတန်းအောင်မြင်သော ပုဂ္ဂိုလ်များကို အဘိဝံသဘွဲ့ကိုကပ်လှူခဲ့သည်။ ဆက်လက်ပြီး ဝေတိယင်္ဂနပရိယတ္တိဓမ္မနုဂ္ဂဟအသင်းကို ၁၂၆၅ ခုနှစ် (ခရစ်နှစ် ၁၉၀၃)ခုနှစ်တွင်ရန်ကုန်မြို့၌ ဆက်လက်ဖွဲ့စည်းခဲ့သည်။ ဤအသင်းမှဦးဆောင်သော ဝေတိယင်္ဂနစာမေးပွဲကို ၁၂၈၀ပြည့်နှစ်(ခရစ်နှစ်၁၉၁၈)ခုနှစ်တွင်သာ ကျင်းပနိုင်ခဲ့ပြီး စာချတန်းအောင်မြင်ပြီးသော ပုဂ္ဂိုလ်များကို ဘိဝံသဓမ္မာစရိယဘွဲ့တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

သာသနာတော်သုံးရပ်တွင် အခြေခံအကျဆုံးဖြစ်ပြီး အလွန့်အလွန်အရေးပါသော ပရိယတ္တိသာသနာတော်ကို အားပေးစောင့်ရှောက်သောအားဖြင့် ဘာသာခြား အင်္ဂလိပ်တို့လက်အောက်တွင် ရှိနေစဉ်ကာလအတွင်း အခြားသော မြို့ကြီးအချို့တွင်လည်း ပရိယတ္တိစာမေးပွဲများကျင်းပ၍ အားပေးပူဇော်ခဲ့ကြရာ ထင်ရှားသောစာမေးပွဲများမှာ ၁၂၈၂ ခုနှစ် (ခရစ်နှစ် ၁၉၂၀)ပြည့်နှစ်မှ စတင်ကျင်းပခဲ့သော ညောင်တုန်းမြို့သုဓမ္မာပရိယတ္တိစာမေးပွဲ၊ ၁၂၈၄ ခုနှစ် (ခရစ်နှစ် ၁၉၂၂)ခုနှစ်မှစ၍ ကျင်းပခဲ့သောသုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ၊ ၁၂၉၂ခုနှစ် (ခရစ်နှစ် ၁၉၃၀)ပြည့်နှစ်မှစ၍ကျင်းပခဲ့သော မော်လမြိုင်မြို့ပရိယတ္တိသဒ္ဓမ္မပါလအသင်းစာမေးပွဲများဖြစ်ကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင်လည်း မြန်မာနိုင်ငံအနှံ့အပြားတွင် ပရိယတ္တိစာသင်တိုက်များကို ထူထောင်ဖွင့်လှစ်ကြကာ စာသင်သားရဟန်းတော်များကို ပရိယတ္တိစာပေများ ပို့ချသင်ကြားပေးလျက်ရှိကြသည့်နည်းတူ ဒေသအလိုက် ပရိယတ္တိစာမေးပွဲ များကိုလည်း ကျင်းပပြုလုပ်လျက်ရှိနေကြသည်။

**တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ**

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲသည် ကျမ်းစာအုပ်ပေါင်း၂၀၊ စာမျက်နှာပေါင်း (၈၀၂၆)မျက်နှာတို့ကို တစ်ပိုင်းချင်း အလွတ်နှုတ်တိုက်ဆောင်၊ အာဂုံဖြေဆိုကြရခြင်းဖြစ်သည်။

ဤစာမေးပွဲမှာ ၃၃ ရက်ကြာမြင့်အောင် ကျင်းပရပြီး ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးနှင့် အခက်အခဲဆုံးစာမေးပွဲဖြစ်သည်။ တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီး၏ ခက်ခဲနက်နဲမှုကြောင့် စာမေးပွဲ စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှ ၇၇ နှစ်ကြာမြင့်သည့် ယခုအချိန်ထိ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တော် ဆက်ကပ်အလှူခံရတော်မူသည့် သာသနဓဇအာဇာနည် ဆရာတော် ၁၇ ပါးမျှသာ ပေါ်ထွန်းနိုင်ခဲ့သည်။ အဆိုပါဆရာတော်များအနက် တတိယမြောက်ကျင်းပသည့် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲမှထွက်ပေါ်လာသည့် မင်းကွန်းဓမ္မနာဒဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်သူမြတ်တစ်ပါးတည်းသာ ပိဋကတ်သုံးပုံအာဂုံနှင့် ရေးဖြေနှစ်ရပ်လုံးတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ထူးခြားသော ဆရာတော်အရှင်သူမြတ်ဖြစ်သည်။

**ဝမ်းမြောက်ဝမ်းသာ**

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားရာဒေသဖြစ်သည်။ မြန်မာနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်ကျော်မှာ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူများဖြစ်ကြသည်။ မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ ယဉ်ကျေးမှု၊ ထုံးဓလေ့များမှာ ဗုဒ္ဓဘာသာတရားတော်၏ အဆုံးအမများဖြင့် လွှမ်းခြုံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်၊ ခရစ်ယာန်၊ ဟိန္ဒူ စသည့် ဘာသာကြီးလေးမျိုးအပါအဝင် နတ်ကိုးကွယ်မှုပါ ရောယှက်နေသည့် နိုင်ငံဖြစ်သည်။ ဘာသာကြီးလေးခုအနက် မြန်မာနိုင်ငံအတွင်း အများဆုံးကိုးကွယ်သည့်ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်သည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သည့်ဘာသာ၊ အယူဝါဒကိုကိုးကွယ်သည်ဖြစ်စေ လွတ်လပ်စွာ ကိုးကွယ်ခြင်းကို ခွင့်ပြုထားသည်။ မြန်မာနိုင်ငံသားများအနေဖြင့်လည်း မည်သည့်ဘာသာ၊ အယူဝါဒကို ကိုးကွယ်သည်ဖြစ်စေ ဘာသာတစ်ခုနှင့် တစ်ခုကြား၊ အယူဝါဒတစ်ခုနှင့် တစ်ခုကြား အငြင်းပွားခြင်း ပြုလုပ်လေ့မရှိကြဘဲ အေးချမ်းစွာနေထိုင်ခဲ့ကြ သူများဖြစ်ကြသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့မှာ ဘာသာတရား၏ အဆုံးအမဖြင့် အေးချမ်းစွာနေထိုင်ကြသူများလည်း ဖြစ်ကြသည်။

မြန်မာဗုဒ္ဓဘာသာဝင်များကား ဘာသာရေးနှင့်ပတ်သက်လျှင် ယုံကြည်သက်ဝင် သဒ္ဓါရှင်သူများဖြစ်ကြသည်။ ဗုဒ္ဓဘာသာဝင်များတို့သည် ဘာသာရေးတရားပွဲတော်များ၊ ရှင်ပြုအလှူမင်္ဂလာပွဲတော်များကျင်းပပြုလုပ်ကာ မိမိတို့တတ်နိုင်သမျှ အလှူဒါနပြု၍ သာသနာတော်အား ချီးမြှောက်ပူဇော်ကုသိုလ်ယူနေကြသည်များကို မြင်နေရ တွေ့နေရသည်။ မြန်မာနိုင်ငံအဝန်း တည်ငြိမ်အေးချမ်းရာ အနယ်နယ်အရပ်ရပ်တွင် ဆိုင်းသံ၊ ဗုံသံ သည်းသည်းညံလျက် အလှူပွဲများဖြင့် စည်ကားနေသည်။ အလှူရှင်လည်းပျော်၊ ရွှေပွဲလာဧည့်ပရိသတ်တို့လည်း ပျော်ကြသည်။ ဤလိုအလှူများအပြင် ဘာသာ၊ သာသနာနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင်၏သာသနာတော်သုံးရပ်အနက် သာသနာတည်တံ့ကြောင်း အကြောင်းတရားဖြစ်သော ပရိယတ္တိစာပေအရာ၌ ထူးချွန်ထက်မြက်သော သံဃာတော်အရှင်သူမြတ်များကို ဂုဏ်ပြုခြင်း၊ ချီးမြှောက်သော ပွဲတော်များကိုလည်းတွေ့ရသည်။

ဗုဒ္ဓဘာသာသည် မြန်မာလူမျိုးတို့၏ လူနေမှုဘဝကို ထိန်းကျောင်းပဲ့ပြင်ထားသော ဘာသာဖြစ်သည်။ မြန်မာလူမျိုးတို့ကို ယဉ်ကျေးသိမ်မွေ့မှုကိုဖြစ်စေရန်၊ လူမှုပေါင်းသင်းဆက်ဆံရေးတွင် အဆင်ပြေစေရန်နှင့် ကောင်းမွန်စွာ သက်မွေးဝမ်းကျောင်းမှုပြုလုပ်နိုင်စေရန် ထိန်းကျောင်းပေးထားသည်။ ကျေးလက်တောရွာများမှအစ မြို့ပြရပ်ရွာများထိရှိနေကြသော ဗုဒ္ဓဘာသာဝင် လူငယ်များသည် ဘုရားကျောင်းကန်များသို့သွားရောက်ကြပြီး ဆရာတော်၊သံဃာတော်များ၏အဆုံးအမများကို နာယူလေ့ရှိတတ်ကြသည်။ ဗုဒ္ဓသာသနာ၏ အခြေခံရေသောက်မြစ်မှာ ပရိယတ္တိစာပေတည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ကာ သာသနာဝန်ကို ထမ်းဆောင်နေကြသည့် ရဟန်းတော်များ ပေါ်ထွန်းလာခြင်းအတွက် ဝမ်းသာပီတိဖြစ်ရသည်။ တစ်ဆက်တည်းမှာပင် မိမိတို့မြန်မာနိုင်ငံတိုင်းရင်းသား ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်းတို့အနေဖြင့် ဘာသာ၊ သာသနာမကွယ်ပျောက်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပြီး မြန်မာပြည်သူတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအား ထိန်းသိမ်းနေကြသည်ကို တွေးတောဖြစ်ရင်း ကြည်ညိုပီတိပွားခဲ့ရပေသည်။

**ကိုးကား**

**- ပရိယတ္တိစာမေးပွဲများ သမိုင်းအကြောင်းအချက်များ။ မြန်မာ့အလင်းသတင်းစာ။**

# ဖန်းမောက်မြို့နယ်တွင် နှမ်းကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ် တစ်ကေလျှင် ၁၅ ဒသမ ၂၉ တင်း ထွက်ရှိ

ကသာ ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်တွင် နှမ်းကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၂၉ တင်း ထွက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ဖန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ဧက ၂၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၂၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၂၉ တင်း ထွက်ရှိကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖန်းမောက်မြို့နယ်မှာ နှမ်း ဧက ၂၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်ပိုမိုတိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးစိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမြင့်စိုးက ပြောပြသည်။

ဖန်းမောက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းများကို အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်သည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည် ဖြစ်သောကြောင့် နှမ်းများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ် မကျီးကုန်း(တောင်စု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြန်အောင် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကုန်း (တောင်စု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မကျီးကုန်း(တောင်စု) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် ၄၄ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၄ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဟင်္သာတ ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။



ဟင်္သာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် စပါးများကို ဝယ်ယူကာ ကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" ဟင်္သာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ပါ အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်" ဟု ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ် လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေး တောင်သူများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်ထံမှ သိရသည်။

ကျော်ကျော်လင်း

# ချောင်းဆုံမြို့နယ် ကဒါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ချောင်းဆုံ ဇန်နဝါရီ ၂၉

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဒါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးဇော်ဇော်နောင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကဒါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ကဒါကျေးရွာ၌ လမ်း အရှည် ပေ ၅၁၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်များကို ဈေးကွက်သို့ အချိန်မီပေးပို့နိုင်တော့မည် ဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်ထံမှ သိရသည်။

သုတ

# ဝေါမြို့နယ် အဖျားဘိုတဲကျေးရွာ၌ VRFP စီမံကိန်းကော်မတီဝင်သစ်များရွေးချယ်ခြင်း ပြုလုပ်

ဝေါ ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဖျားဘိုတဲကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်သစ်များ ပြန်လည်ရွေးချယ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများနှင့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ ထမ်းဆောင်ရမည့် တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကြီးကြပ်မှုကော်မတီဝင်သစ်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များ၊ ထမ်းဆောင်ရမည့် တာဝန်နှင့် ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ အဖျားဘိုတဲကျေးရွာ၌ တာဝန်ထမ်းဆောင်မည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကြီးကြပ်မှုကော်မတီဝင်သစ် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း၊ အဖျားဘိုတဲကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာမတည် စီမံကိန်းရန်ပုံငွေဖြင့် အဖျားဘိုတဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းများကို အောင်မြင်စွာ လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုညီ

# တန်ဖိုးရှိလှ ရေသယံဇာတ

မြမဥ္ဇူဝေ(ကျုံမငေး)



ရေသည် သက်ရှိများအတွက် မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။ "ထမင်းအသက် ခုနစ်ရက် ရေအသက်တစ်မနက်"ဆိုသောစကားနှင့်အညီ ရေသည်အလွန်အရေးပါသည်။

လူသားများနေထိုင်သော ကမ္ဘာကြီးအတွင်း မြေမျက်နှာသွင်ပြင် ၇၀ ရာခိုင်နှုန်းခန့်ကို "ရေ"များဖြင့် ဖုံးလွှမ်းထားသည်။ ထိုရေများကို ခွဲခြမ်းစိတ်ဖြာလိုက်သောအခါ ၉၇ ရာခိုင်နှုန်းသည် ရေငန်များ (ပင်လယ်ရေငန်)ဖြစ်ပြီး ကျန်သုံးရာခိုင်နှုန်းခန့်ကသာ ရေချိုဖြစ်သည်ဟု ရေသယံဇာတ စိစစ်ရေးအဖွဲ့က ဆိုထားသည်။

ကမ္ဘာပေါ်ရှိ ရေချိုသယံဇာတအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်သည် တောင်တန်းများမှရရှိခြင်းဖြစ်ပြီး ထိုတောင်တန်းများသည် ကမ္ဘာ့ရေချိုသယံဇာတများ၏ ၉၀ ရာခိုင်နှုန်းခန့် ထိန်းသိမ်းထားသည်။ ကမ္ဘာပေါ်ရှိ မြစ်ချောင်းများအားလုံးနီးပါးသည် တောင်တန်းဒေသများတွင် မြစ်ဖျားခံ၍ စတင်စီးဆင်းလာခြင်းဖြစ်သည်။ ရေသည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းမြဲဖြစ်သလို ထိုသို့စီးဆင်းနေမှုကို ရေတံခွန်ဟုခေါ်ကြပြီး ရေတံခွန်များသည် ရေချိုအရင်းအမြစ်များဖြစ်ခဲ့ရသည်။

ဟိမဝန္တာတောင်တန်းများမှ ရေချိုအရင်းအမြစ်များသည် အာရှတိုက်ရှိ ကြီးမားရှည်လျားသော မြစ်ကြီး ၁၀ စင်းထဲသို့ စီးဆင်းနေကြောင်း တွေ့ရပြီး ရေချိုလက်ခံရရှိသော မြစ်ကြီးများမှာ အမုဒြာရာမြစ်၊ ဘရာမာပုတ္တာမြစ်၊ ဂင်္ဂါမြစ်၊ အိန္ဒုမြစ်၊ ဧရာဝတီမြစ်၊ မဲခေါင်မြစ်၊ သံလွင်မြစ်၊ တာရင်(မ်)မြစ်၊ ရန်တဲ့မြစ်၊ မြစ်ဝါမြစ်တို့ဖြစ်ကြသည်။

ယနေ့ ကမ္ဘာမြေပေါ် မှီတင်းနေထိုင်ကြသော လူသားများအနေဖြင့် တိုးပွားလာသော လူဦးရေနှင့်အညီ ရေချိုသုံးစွဲမှုပမာဏမှာလည်း များပြားလာခဲ့သည်။ ထို့ကြောင့် ကမ္ဘာမြေအောက်ရေအောင်းလွှာများထိ ရေရရှိရန်ဆောင်ရွက်ကာ ရေအလွန်အကျွံထုတ်ယူသုံးစွဲမှုများ ပြုနေကြသည်။ တစ်နည်းအားဖြင့် လူသားအားလုံး ရေသယံဇာတအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲနေသည်ဟုဆိုရမည်။ ရေသုံးစွဲမှုစည်းကမ်းမရှိခြင်းကြောင့် ရေချိုအရင်းအမြစ်များ နည်းပါးလာရခြင်းဖြစ်သည်ဟု ရေအရင်းအမြစ်သုတေသနပြုနေကြသူများက အတည်ပြုနေကြသည်။

လူသားများသည် မိမိတို့အသက်ရှင်နေထိုင်မှုအတွက် မဖြစ်မနေအရေးပါသော ရေချိုအရင်းအမြစ်များ စနစ်တကျသုံးစွဲနိုင်မှုအတွက် မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်ကြရမည်ကို သတိပြုဆင်ခြင်သင့်သည်။ ရေသယံဇာတသည် လူတစ်ဦးချင်းစီနှင့် သက်ဆိုင်နေသောကြောင့် လူသားတိုင်းသည် "မြေအောက်ရေ"ကို ကိုယ်ပိုင်ပစ္စည်း၊ သဘာဝက ပေးသော အမွေအနှစ်ဟုခံယူပြီး အလိုရှိသလို စည်းကမ်းမဲ့သုံးစွဲနေမှုများကို ရပ်တန့်သင့်သည်။

တစ်နည်းအားဖြင့် အလကားရသည့် အရာဟူသောစိတ်ဖြင့် အလေးမထားဘဲ ဖြုန်းတီးနေကြမည်ဆိုပါက နှစ်ကြာလျှင် လူသားအားလုံးအတွက် ထိခိုက်လာနိုင်သည်။

ယနေ့အချိန်သည် နိုင်ငံတိုင်း၌ ရေချိုပြဿနာအတွက် အဖြေကောင်းရရန် ရှာဖွေနေကြပြီဖြစ်သည်။ ရေရှားပါးမှုဖြစ်ရပ်နှင့် ကြုံဆုံရမှုများကလည်း နှစ်စဉ် ပိုသည်ထက်ပိုလာပြီဖြစ်သည်။ ထို့ကြောင့် ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။ ရေရှားပါးမှုဖြစ်ရပ်များကို လျှော့ချနိုင်ရန် ပေးဝေသည့်ရေနှင့် အသုံးပြုနေသည့်ရေပမာဏသည် ကိုက်ညီရန်လိုအပ်သဖြင့် ရေသယံဇာတများထိန်းသိမ်းထားနိုင်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြမည်ဖြစ်သည်။

ယခုအခါ သစ်ပင်သစ်တောပြုန်းတီးမှုများ၊ ကမ္ဘာ့နေရာ အနှံ့အပြားတွင်ဖြစ်ပေါ်နေသော ရေကြီးမှုနှင့် မိုးခေါင်မှုဖြစ်စဉ်များဖြစ်လာစေသည်မှာ ရေသယံဇာတ လှည့်ပတ်နိုင်မှု နည်းပါးခြင်းကြောင့်ဟုဆိုနိုင်သည်။ ရေချိုနှင့်ရေထုညစ်ညမ်းမှုသည် မကောင်းသော အကျိုးဆက်ဖြစ်ရန်များသည်။ ကမ္ဘာ့ရေထုသည် ကမ္ဘာမြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းသောဧရိယာ အုပ်မိုးထားသော်လည်း ရေချိုသုံးစွဲနိုင်မှုပမာဏမှာ အလွန်နည်းပါးနေသည်။ ရာခိုင်နှုန်းအားဖြင့် သုံးရာခိုင်နှုန်းသည် ရေချိုဖြစ်သော်လည်း တစ်ရာခိုင်နှုန်းကျော်သာ အမှန်တကယ် လူသားများသုံးစွဲနိုင်ပြီး ၉၇ ရာခိုင်နှုန်းမှာ ပင်လယ်ရေ(ဆားငန်ရေ)များဖြစ်နေ၍ အသုံးပြုရန်မဖြစ်သောရေများဖြစ်နေ၏။ သို့သော် ရေချိုသုံးစွဲမှုနည်းနေခြင်းမှ များစွာသုံးစွဲနိုင်ရန်နှင့် ရေထုညစ်ညမ်းမှုဘေးမှ ကာကွယ်ပေးရန်သည် သက်ရှိလူသားများနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ထို့ကြောင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်နိုင်ရန် ကြိုးစားနေကြခြင်းသာဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း ရေချိုရရှိမှု၊ သုံးစွဲမှုသည် စီမံခန့်ခွဲမှုအောက်တွင် စနစ်တကျရှိရန် လိုအပ်နေသည်ဖြစ်၍ လူသားတိုင်း ရေချိုအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ စနစ်တကျဖော်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် လူသားအားလုံး အသက်ရှင်နေနိုင်ရေးအတွက် သဘာဝရေသံဇာတအရင်းအမြစ်များ လုံလောက်စွာရှိနေသော်လည်း လူသားတို့၏မဆင်ခြင်မှုများကြောင့် ဆုံးရှုံးခဲ့မှုများကို သတိပြုသင့်သည်။

ထို့ကြောင့် ရေသယံဇာတထိန်းသိမ်းမှုအတွက် လူတို့တွင် တာဝန်ရှိနေသည်မှာ ရေဝေရေလဲဒေသများတွင် ရောနှောစိုက်ခင်းများ တည်ထောင်ပေးရန်ဖြစ်သည်။ ရေထုညစ်ညမ်းမှုများ လျော့နည်းလာစေရန်၊ စက်ရုံများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ အလုပ်ရုံများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကိုလည်း စနစ်ကျစွာစွန့်ပစ်နိုင်ရန် သတိပြုကြရမည်။ အကယ်၍ ဆင်ခြင်မှုမရှိပါက တန်ပြန်ခံစားရမှုသည် ဆိုးရွားစွာခံစားကြရမှာဖြစ်ကြောင်း ပညာရှင်များက သိရှိပြီးဖြစ်သဖြင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် နိုင်ငံတိုင်း လုပ်ဆောင်ကြရန်လိုသည်။

မြန်မာနိုင်ငံသည် ရေချိုမြစ်ကြီး လေးစင်းဖြင့် ရေချိုများ အလျှံပယ်သုံးစွဲနိုင်သောနိုင်ငံဖြစ်သော်လည်း ယခုအခါ အချို့သောနေရာဒေသများတွင် ရေချိုရှားပါးနေသည်ဟု သိရသည်။ ထို့ကြောင့် နိုင်ငံတော်၏တာဝန်ရှိသူများက ရေသယံဇာတထိန်းသိမ်းမှုနှင့် သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများပါ ပါဝင်နိုင်သော အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သောကြောင့် နိုင်ငံတကာ

❖ကမ္ဘာကြီးပေါ်ရှိ နိုင်ငံတိုင်း ရေချိုရရှိမှု၊ သုံးစွဲမှုသည် စီမံခန့်ခွဲမှုအောက်တွင် စနစ်တကျရှိရန် လိုအပ်နေသည်ဖြစ်၍ လူသားတိုင်း ရေချိုအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ စနစ်တကျဖော်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် လူသားအားလုံး အသက်ရှင်နေနိုင်ရေးအတွက် သဘာဝရေသယံဇာတအရင်းအမြစ်များ လုံလောက်စွာရှိနေသော်လည်း လူသားတို့၏မဆင်ခြင်မှုများကြောင့် ဆုံးရှုံးခဲ့မှုများကို သတိပြုသင့်သည်။ ❖

အဆင့်မီ တိုင်းတာရေးကိရိယာများဖြင့်လည်း ဆောင်ရွက်နေသည်။

ရေကို စနစ်တကျသုံးစွဲနိုင်ရန်နှင့် အကြောင်းမဲ့သောသုံးစွဲခြင်းများဖြင့် ရေကိုစွန့်ပစ်ခြင်းမပြုကြရန်လိုအပ်နေပြီး ရေအရင်းအမြစ်ရေသယံဇာတများ တည်မြဲစေရန် နိုင်ငံသားတိုင်း လိုက်နာရန်လည်းလိုသည်။ လိုက်နာရမည့် အခြေခံအကြောင်းများမှာ ရေကိုစနစ်တကျ စည်းကမ်းရှိစွာ သုံးစွဲကြရမည်။ ဥပမာ- မျက်နှာသစ်ချိန်၊ သွားတိုက်ချိန်၌ ရေပိုက်ခေါင်းများ ပိတ်ထားရပြီး လိုအပ်သလောက်သာသုံးရန်နှင့် စိုက်ခင်းများကို ရေပက်၊ ရေဖြန်းခြင်းများသည် သီးနှံများကောင်းကျိုးဖြစ်သော်လည်း ရေကို လိုအပ်သည်ထက်မပိုသော အသုံးချမှုကိုသာ ပြုလုပ်ကြရန်ဖြစ်သည်။ မိုးရာသီအခါ၌ မိုးရွာလျှင်ဆည်၊ မြောင်း၊ ကန်များ စနစ်တကျခိုင်ခန့်စွာပြုလုပ်ပြီး ရေကိုသိုလှောင်ထိန်းသိမ်းထားခြင်း၊ မိုးရေထိန်းစနစ်၊ မိုးရေခံစီမံကိန်းများ နေရာအနှံ့ဆောင်ရွက်ထားကြရမည်။ ရာသီဥတုမှန်စေရန် သစ်ပင်သစ်တောထိန်းသိမ်းခြင်းဖြင့် အပူဒဏ်ကို ကာကွယ်ရမည်ဖြစ်သည်။ သို့မှသာ ရေငွေ့ပြန်မှုသက်သာပြီး ရေဆုံးရှုံးမှုနည်းပါးမည်ဖြစ်သည်။ အစိမ်းရောင်စီးပွားရေးလုပ်ငန်းကို ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် ရေဆုံးရှုံးမှုနည်းပါးခြင်းကို အကျိုးပြုနိုင်သည်။ ကုန်ထုတ်လုပ်ငန်းများတွင် ရေသုံးစွဲမှုစနစ်ရှိစေရန် သတိပြုရမည်။ အမျိုးသားရေးမူဝါဒနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်များကို အများပြည်သူများသိရှိကြပြီး ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ရန် လက်တွဲဖော်ဆောင်ရမည်။ မြစ်ချောင်း၊ မြစ်ဝှမ်း၊ ရေစီးဆင်းရာဒေသများတွင် မြစ်ရေတင်စီမံကိန်းဖြင့် "စိုက်ပျိုးရေး"ကို စနစ်ကျစွာသုံးစွဲစေရန် လမ်းညွှန်ခြင်းများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ် သည်။

မြေအောက်ရေချို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးကို စီမံကိန်းဖြင့် ထိန်းသိမ်းကြရမည်။ ကမ္ဘာတစ်ဝန်းလုံးတွင်လည်း နေ့စဉ်သုံးစွဲနေသော ရေချိုအရင်းအမြစ်များသည် လူသားများ၏ စည်းကမ်းမရှိစွာသုံးစွဲခြင်းကြောင့် နောက်ဆက်တွဲပြဿနာများ ရင်ဆိုင်ရနိုင်သည်။ ရာသီဥတုပြောင်းလဲခြင်းသည် ရေချိုအရင်းအမြစ်များနှင့် ဆက်စပ်မှုများရှိပြီး၊ ရာသီဥတုပြောင်းလဲရာမှ ဖောက်ပြန်မှုလည်း ဖြစ်လာနိုင်သည်။ ထို့ပြင် လူသားများမှလည်း ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် နည်းလမ်းများ ရှာဖွေသင့်သည်။

ကမ္ဘာပေါ်တွင် လူဦးရေများလာပြီး သုံးစွဲနေသည့် ရေပမာဏမှာလည်း တစ်နေ့တခြားရှားပါးလာသောကြောင့် မြေအောက်ရေသယံဇာတလည်း ခန်းခြောက်လာခဲ့သည်။ ထို့ပြင် မိုးခေါင်ရေရှားမှုများလည်း ပို၍ကြုံတွေ့လာသောကြောင့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာပေါ်၌ ရေမရရှိဘဲ ရေငတ်ခြင်းပြဿနာနှင့်လူအများ ရင်ဆိုင်ရနိုင်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးက ထုတ်ပြန်ကြေညာခဲ့သည်။

ရေသည် သက်ရှိများအတွက် အလွန်အရေးပါသကဲ့သို့ သစ်ပင်သစ်တော စိုက်ပျိုးသီးနှံများအတွက်လည်း မရှိမဖြစ်လိုအပ်သောကြောင့် တန်ဖိုးရှိလှသော ရေသယံဇာတကို စနစ်တကျသုံးစွဲကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

# ပြင်သစ်နိုင်ငံ ဘရစ်တနီဒေသတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ် အနီရောင်သတိပေးချက် ထုတ်ပြန်



**ပဲရစ် ဇန်နဝါရီ ၂၉**

ပြင်သစ်နိုင်ငံတွင် ပြီးခဲ့သော သီတင်းပတ်ကုန်က ဟာမီနီယာ မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် ဘရစ်တနီဒေသတွင် ရေဘေး အန္တရာယ်အနီရောင်သတိပေးချက်ကို ထုတ်ပြန်ထားရကြောင်း ပြင်သစ် မိုးလေဝသဌာန၏ ဇန်နဝါရီ ၂၇ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ဇန်နဝါရီ ၂၈ ရက်သတင်းများတွင် ဖော်ပြထားသည်ဟု သိရသည်။

ပြင်သစ်နိုင်ငံ အချို့ဒေသများတွင် လေပြင်းတိုက်ခတ်လျက်ရှိပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ရုတ်တရက်ရေကြီးရေလျှံခြင်းအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် မိုးလေဝသဌာနက ဘရစ်တနီဒေသတွင် အနီရောင်သတိပေးချက်ကို ထုတ်ပြန်ခဲ့ပြီး အခြားမြို့နယ်ရှစ်ခုတွင်လည်း လိမ္မော်ရောင်သတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘရစ်တနီဒေသ ရင်းနစ်မြို့တွင် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးရေကြီးမှုကို ကြုံတွေ့နေရပြီး မြို့တော်အတွင်းရှိ စိန့်မာတင်တူးမြောင်းအနီးတွင် နေထိုင်သူ လူဦးရေ ၄၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားပြီး အားကစားရုံများကို ယာယီခိုလှုံရေးစခန်းများအဖြစ် ဆောင်ရွက်ပေးထားသည်ဟု မြို့တော်ဝန် နာတာလီအပဲလ်က ပြောကြားခဲ့ကြောင်း သိရသည်။

လာမည့် နှစ်ရက်အတွင်း ရေကြီးရေလျှံမှုအခြေအနေ ဆက်လက် ဖြစ်ပေါ်နိုင်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် မီးရထားဝန်ဆောင်မှု လုပ်ငန်းများတွင် ထိခိုက်မှုများဖြစ်ပေါ်နိုင်သဖြင့် သတိပြုသွားလာကြရန် ပြင်သစ်မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရ

**ကင်ဘာရာ ဇန်နဝါရီ ၂၉**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် ဒင်ဘိုလာဒေသ၊ ဝါးတွစ်ဒေသ၊ ဘရင်မ်ပန်ဒေသနှင့် ဇမ်စတိန်းဒေသအနီးတွင် ဇန်နဝါရီ ၂၇ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်တွင် နေအိမ်များနှင့် အခြေခံအဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်း လာသည့်အတွက် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဒင်ဘိုလာဒေသအနီးတွင် တောမီး လောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၇၀ ရာခိုင်နှုန်းခန့်ထိ မီးလောင်ကျွမ်းပျက်စီးကာ အခြေခံအဆောက်အအုံများဆီသို့ တောမီးကူးစက်လောင်ကျွမ်းလာခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဧရိယာအနီးတွင်နေထိုင်သည့် ဒေသခံများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကိုသာ အဓိကထား ဆောင်ရွက်နေကြသူများဖြစ်ပြီး ဒေသခံတချို့မှာ မွေးမြူထားသော တိရစ္ဆာန်များကိုပါ ဘေးလွတ်ရာ ရွှေ့ပြောင်းလျက်ရှိကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းနေသည့် နေအိမ်နှင့်အခြေခံအဆောက်အအုံ အရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းနေသည့် ဒေသခံ အရေအတွက်ကိုလည်း မသိရသေးကြောင်း ဗစ်တိုးရီးယားပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဗစ်တိုးရီးယားပြည်နယ် အနောက်ဘက်ပိုင်း ဒေသတွေက ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေပါတယ်။ တောမီး ကူးစက် လောင်ကျွမ်းမှုကြောင့် အခြေခံအဆောက်အအုံတချို့နဲ့ နေအိမ်တချို့ ပျက်စီးခဲ့ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ထိုင်းအစိုးရက တောမီးလောင်ကျွမ်းမှုထိန်းချုပ်ရေးနှင့် မီးခိုးငွေ့များရှင်းလင်းရေးအတွက် ထိုင်းဘတ်ငွေ သန်း ၆၂၀ အသုံးပြုမည်

**ဗန်ကောက် ဇန်နဝါရီ ၂၉**

ထိုင်းအစိုးရသည် ထိုင်းနိုင်ငံအတွင်း တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရေးနှင့် တောမီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာသည့်မီးခိုးငွေ့များ ရှင်းလင်းရေးအတွက် ထိုင်းဘတ်ငွေ သန်း ၆၂၀ အသုံးပြုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေများ ဆုံးရှုံးရမည့်အရေးမှ ကာကွယ်နိုင်ရေးအပြင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာမှုကို ကာကွယ်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်လာခြင်းဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်ကို ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ထိုင်းအစိုးရက ဘတ်ဂျက်ကိုလည်း တရားဝင် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ထိုင်းသဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။



ထိုင်းလွှတ်တော်ကလည်း ဘတ်ဂျက်ကို တရားဝင်ခွင့်ပြုလိုက်ပြီ ဖြစ်သည့်အတွက် ထိရောက်စွာ အသုံးပြုသွားရန်၊ လေထုညစ်ညမ်းမှု လျှော့ချရေးနှင့်ပတ်သက်၍လည်း အရှိန်မြှင့်တင် ဆောင်ရွက်သွားရန်၊ လေထုညစ်ညမ်းမှု ပမာဏကိုလည်း အပတ်စဉ် ထိုင်းဝန်ကြီးချုပ်ရုံးသို့ အစီရင်ခံစာတင်သွင်းရန် ထိုင်းဝန်ကြီးချုပ် ဖယ်ထုန်ထန် ရှင်နာဝပ်က ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရေးအစီအစဉ်ကိုလည်း ထိုင်းသဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထိုင်းစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် လေထုညစ်ညမ်းမှု လျှော့ချရေးကို စီမံချက်များဖြင့် ဆောင်ရွက်သွားမည်

**နယူးဒေလီ ဇန်နဝါရီ ၂၉**

အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ် မွမ်ဘိုင်းမြို့တွင် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေသည့်အတွက် လေထုညစ်ညမ်းမှုလျှော့ချရေးကို စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မဟာရက်ရှ်သရာပြည်နယ် အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မွမ်ဘိုင်းမြို့သည် ကမ္ဘာ့လေထုညစ်ညမ်းမှု အမြင့်မားဆုံးသော နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး မဟာရက်ရှ်သရာပြည်နယ် အစိုးရက မွမ်ဘိုင်းမြို့ကို လေထုညစ်ညမ်းမှုအဆိုးရွားဆုံးသော မြို့များစာရင်းတွင် မပါဝင်ရေးအတွက် ယခုနှစ်အတွင်း အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ စီမံချက်အရ မွမ်ဘိုင်းမြို့အတွင်း ဒီဇယ်နှင့် ခဲတတ်ဆီလောင်စာသုံး မော်တော်ယာဉ်များကို သုံးစွဲခွင့် ပိတ်ပင်သွားမည်ဖြစ်ကြောင်း မဟာရက်ရှ်သရာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက တရားဝင်ထုတ်ပြန်ထားသည်။

"လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရတဲ့ အဓိကအကြောင်းရင်းက မော်တော်ယာဉ်တွေက ထုတ်လွှတ်တဲ့ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တွေကြောင့်ဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုတွေကြောင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုက ပိုပြီးတော့ဆိုးရွားစေပါတယ်"ဟု ပြည်နယ်တရားရုံးမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဒီဇယ်နှင့် ခဲတတ်ဆီလောင်စာသုံးမော်တော်ယာဉ်များကို သုံးစွဲခွင့်ပိတ်ပင်သွားမည့်မူဝါဒ ချမှတ်ရေးအတွက် အဖွဲ့ဝင်ခုနစ်ဦးပါဝင်သောကော်မတီဖြင့် သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သုံးသပ်ချက်များကို ပြည်နယ်တရားရုံးနှင့် ဗဟိုအစိုးရအဖွဲ့ထံသို့ တင်ပြသွားမည်ဖြစ်ကြောင်း မဟာရက်ရှ်သရာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ FEMA အေဂျင်စီကို ပြန်လည်ဖွဲ့စည်းရန် အမေရိကန်သမ္မတက ပြန်လည်သုံးသပ်ရေးကောင်စီဖွဲ့စည်းမိန့် ထုတ်ပြန်

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် လော့စ်အိန်ဂျလိစ်ကောင်တီတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ(FEMA) ကို ပြန်လည်ဖွဲ့စည်းရန် ပြန်လည်သုံးသပ်ရေးကောင်စီ ဖွဲ့စည်းမိန့်ကို ဇန်နဝါရီ ၂၇ ရက်က ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၂၈ ရက် သတင်းများတွင်ဖော်ပြထားသည်။

ဒေါ်နယ်ထရန့်အနေဖြင့် ဖက်ဒရယ် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီ(FEMA)ကို ပြန်လည်ဖွဲ့စည်းရာတွင် ၎င်းယုံကြည်စိတ်ချသူများဖြင့် ပြန်လည်ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိကြောင်း၊ ဖက်ဒရယ် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီ(FEMA)နှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ရေး ကောင်စီ ဖွဲ့စည်းမိန့် ထုတ်ပြန်ရာတွင် ပြန်လည်သုံးသပ်ရေး ကောင်စီ၏ ပထမဦးဆုံးသော အစည်းအဝေးကို ဖွဲ့စည်းမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပကာ ပြန်လည်သုံးသပ်ချက်များကို ၎င်းထံတင်ပြရမည့်အစည်းအဝေးကို ရက်ပေါင်း ၁၈၀ အတွင်းကျင်းပပြုလုပ်ရန် ပြောကြားခဲ့သည်။

သဘာဝ ဘေးဒဏ်များဖြင့် ရင်ဆိုင်ခဲ့ရပါက တုံ့ပြန်ရေးအစီအစဉ်များကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဖက်ဒရယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ (FEMA)ကို ဖွဲ့စည်းနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်နှင့် ရန်ပုံငွေများကို သဘာဝဘေးဒဏ်ဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အကျိုးရှိစွာသုံးစွဲနိုင်ရေး အလေးထားဆောင်ရွက်နိုင်ရန် ပြင်ဆင်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၅၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၅၂၄ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၃၅၃၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲကြီးဧက ၃၅၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေး ကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့် တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သောကြောင့် ပဲကြီးသီးနှံများကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ကမော့ကစင်ကျေးရွာ၌ ဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေဖြင့် ကမော့ကစင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကမော့ကစင်ကျေးရွာ၌ အရှည် ၄ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့်သုံးပေကိုးလက်မရှိ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က ဆောင်ရွက်ပြီး လုပ်ငန်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

အဆိုပါကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၆ ဒသမ ၆ သန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကော်မတီစုဖွဲ့မှုဖြင့် ၂၀၂၄ခုနှစ် မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးသဖြင့် ကမော့ကစင်ကျေးရွာရှိ လူဦးရေ ၁၂၀၀တို့၏ လယ်ယာမြေဧက၂၀၀ ကျော်မှထွက်ရှိသည့် ဒေသထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာထံမှသိရသည်။ **ဆက်လှ**

## လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေခင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ၊ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄



“ “အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း” ”

နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

NAY PYI TAW



STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)



CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

5 Digits Online Lottery

# E-Wallet နှင့် အွန်လိုင်းထီဝယ်ယူနည်း

၁။ Aung Bar Lay Application ကို Login ဝင်ပါ။
၂။ မိမိကံစမ်းလိုသော ထီနံပါတ်များအားရွေးချယ်ပါ။
၃။ ထီလက်မှတ် ဝယ်ယူရန်ကိုနှိပ်ပြီး ထီလက်မှတ်အား အတည်ပြုပါ။
၄။ ပေးချေလိုသော Mobile Wallet အားရွေးချယ်ပါ။
၅။ E-Wallet ဖြင့်ထီဝယ်ယူမှု အောင်မြင်ပါပြီ။



*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့်
5 Digits အောင်ဘာလေအွန်လိုင်းထီ
ဝယ်ယူကံစမ်းနိုင်ပါပြီ။

777 Call Center
aungbarlay.ird.gov.mm


## “နိဗ္ဗ”ကုသိုလ်ပြုလိုသူများ လျှောက်ထားနိုင်ပါသည်

မန္တလေးမြို့၊ မဟာမုနိဘုရားကြီးအား နေ့စဉ် နံနက်အရုဏ်တက်ချိန် မျက်နှာသစ်တော်ရေ ကပ်လှူရာတွင် ရေတော်ဆရာတော်ကြီး၏ အထောက်အကူပြု “နိဗ္ဗ” ကုသိုလ်ပြုလျှောက်ထားလိုသူများသည်-

၁။ အသက် ၅၀ နှစ်မှ ၆၅ နှစ်အတွင်း ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၂။ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်တကွ

မဟာမုနိဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း(၁၅-၂-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**သစ်တောနဲ့သစ်ပင် ခစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



SK FC အသင်းနှင့် Brother Hood အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပသည့် Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipur–pose Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းပါ နှစ်အုပ်စု၊ လေးသင်းပါ ခြောက်အုပ်စု စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၄ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် နံနက် ၈ နာရီတွင် ခိုင်မြဲသစ္စာအသင်းနှင့် **စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



**အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ-၁၇

